# မြဝတီ နေ့စဉ်

အများအမုန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၁)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္လာနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနီယဘုရားပွဲတော် စတင်ကျင်းပ

## ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



မင်းဘူး ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနီယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပကြောင်းသိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးနှင့် မန်းရွှေစက်တော်ဘုရား **စာမျက်နှာ ၁၆ ကော်လံ ၁ ●**

## ၂၀၂၅ ခုနှစ် (၄၁)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားစုပေါင်းရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပ



ကျိုင်းတုံ ဖေဖော်ဝါရီ ၂

လားဟူတိုင်းရင်းသားလူမျိုးစုသည် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ စာပေ၊ သမိုင်း အခိုင်အမာတည်ရှိပြီး တစ်နှစ်တာရာသီကာလအတွင်း လားဟူတိုင်းရင်းသားတို့ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကာ **စာမျက်နှာ ၁၇ ကော်လံ ၁ ■**


**ပွဲကောက်ရေတံခွန် (BE.FALLS) အပန်းဖြေစခန်း**



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်)

# လျှပ်စစ်စွမ်းအား ပိုမိုပြည့်ဝစွာရရှိရေး

ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝတိုးတက်မြင့်မားရေးနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်းဖြင့် အခြေခံအဆောက်အဦလိုအပ်ချက်ကိုဖြည့်ဆည်းတည်ဆောက်နိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှစ်ခုလုံး၏ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်စေရန်ရည်ရွယ်လျက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကိုဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မရှင်၏ တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၃၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၈ ရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံရှစ်ရုံ စုစုပေါင်း တပ်ဆင်အင်အား ၆၃၇၁ မဂ္ဂါဝပ်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်နှင့်အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ အချို့ဓာတ်အားပေးစက်ရုံ ၁၂ ရုံသည် ဓာတ်အားလိုင်းများဖျက်ဆီးခံရခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့်ပျက်စီးခြင်း စသည်တို့ကြောင့် လက်ရှိတွင် ဓာတ်အားထုတ်လုပ်မှုကျဆင်းနေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပမာဏမြင့်မားလျက်ရှိနေသည်။ သို့ဖြစ်၍ ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများအနေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင်တစ်ခု၊ ရှမ်းပြည်နယ်တွင်တစ်ခု စုစုပေါင်းတပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ်ရှိသည်။ ဆောင်ရွက်ဆဲ Hybrid (Gas Engine+ Solar)စီမံကိန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင်တစ်ခုနှင့်မကွေးတိုင်းဒေသကြီးတွင် တစ်ခု စုစုပေါင်းတပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ်ရှိသည်။ တည်ဆောက်ဆဲဆိုလာနှင့် Hybrid စီမံကိန်းများ၏ စုစုပေါင်းတပ်ဆင်အင်အားအနေဖြင့် ၁၀၂၆ မဂ္ဂါဝပ်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ရပ်အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြုခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၈၄ သန်းနှင့်ငွေကျပ် ၃၄၅၈၆၃ ဒသမ ဝ၄၃ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၅၄၄ ဦးကိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအားဖြင့် နည်းပညာထွန်းကားမှုသည်အရေးပါသည့် အပိုင်းတွင်ရှိနေသကဲ့သို့ အဆိုပါနည်းပညာများကိုအသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုသည်လည်း အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားများ၏ဖျက်ဆီးမှုများ၊ အချို့စက်ရုံများအနေဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ခြင်းမရှိခြင်းများ၊ ဓာတ်ငွေ့လိုအပ်ချက်မပြည့်မီမှုများကြောင့် လျှပ်စစ်ဓာတ်အားအခက်အခဲများရှိနေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကိုအားပေးဆောင်ရွက်လျက်ရှိသည်။ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကိုဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ကဆောင်ရွက်သည့် စီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအင်ကို အဓိကအားဖြင့် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့မှလည်း ထုတ်လုပ်လျက်ရှိသည်။ အဆိုပါထုတ်လုပ်မှုများမှာ သဘာဝအရင်းအမြစ်များဆုံးရှုံးလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ဖြစ်ပေါ်စေနိုင်သည့်အတွက်ယခုအခါ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုပြီး ဆိုလာဖြင့်လျှပ်စစ်ဓာတ်အားထုတ်ကာ နေအိမ်များ၊လမ်းများကိုမီးထွန်းခြင်း၊ မြစ်ရေတင်စီမံကိန်းဖြင့် လယ်ယာစိုက်ပျိုးခြင်း စသည်တို့ကိုလုပ်ဆောင်လာကြပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အပူပိုင်းဒေသများပြားသည့်အတွက် နေရောင်ခြည်အများဆုံးရရှိသည့်နိုင်ငံဖြစ်ပေရာ သဘာဝကပေးသောနေရောင်ခြည်စွမ်းအင်ကို ကောင်းစွာအသုံးပြုခြင်းဖြင့် လျှပ်စစ်စွမ်းအားပိုမိုရရှိရေး ဆောင်ရွက်အောင်မြင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေများထုတ်ပေး

ဖြူး ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွာတန်းရှည်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ချေးငွေများပြန်လည်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၂ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ရွာတန်းရှည်ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ အသေးစားစီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သောငွေကြေးရင်းနှီးမတည်ငွေများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၄၉ သန်းကို ရွာတန်းရှည်ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရွာတန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၄၉ ဦးကို ချေးငွေကျပ် ၃၁ ဒသမ ၂၉ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၃၄ ဦးကိုချေးငွေကျပ် ၁၁ ဒသမ ၂ သန်း၊ အသေးစားလက်မှုလုပ်ငန်းဆောင်ရွက်သူ ရှစ်ဦးကို ချေးငွေကျပ် ၄ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၂-၂၀၂၅(တနင်္လာနေ့)

၁။ ဝ၉:ဝဝ Sport News
၂။ ၁၁:၅ဝ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်
၃။ ၁၅:ဝဝ Jumping For You
၄။ ၁၆:၄ဝ I Music
၅။ ၁၈:၂ဝ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂ဝ Goodnight Listeners

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၆၇-၇၃၉၉၈၊ ဖက်စ် ဝ၆၇-၇၃၉၉၉/ဝ၆၂-၁ဝ၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝ၆၇-၇၄ဝဝ၆၊ ဝ၆၇-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၆၇-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၆၇-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ဝဝ၃၇၈/ဝဝ၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးထားသည့် ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးဖြစ်



ပွင့်ဖြူ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ ဒေသခံတောင်သူများက ဆောလျင်စွာ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ခင်းများကို ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးထားပါတယ်။ ဖူးစားပြောင်း စိုက်ပျိုးချိန်မှာ အထွက်နှုန်းတိုးတက်အောင် စိုက်နည်းစနစ်မှန်ကန်စေရေး၊ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စတဲ့စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ တောင်သူတွေက သီးနှံဝင်ငွေတိုးပွားရေး အားထားစိုက်ပျိုးခဲ့တဲ့ ဖူးစားပြောင်းစိုက်ခင်းတွေကို ရိတ်သိမ်းနေပြီး ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ပြောင်းဖူး ၁၄၉၈၀ ထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို ပန်းတိုင်အထွက်နှုန်းထွက်ရှိအောင် စိုက်နည်းစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရေး နည်းပညာများပံ့ပိုးကူညီပေးခြင်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းကို စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးမည်ဆိုပါက ဒေသတွင်းစားရေရိက္ခာဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရမှ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိရာ တောင်သူများအနေဖြင့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျိုက်လတ်မြို့နယ်မှထွက်ရှိသော ငါးသလောက်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျိုက်လတ် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှထွက်ရှိသော ငါးသလောက်များ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်များ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝေဝေ၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်၌ ဇန်နဝါရီလ တတိယပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိ အဆိုပါဒေသမှ ငါးသလောက်များကို တစ်ရက်လျှင် ပိဿာ ၅၀၀ မှ ၇၀၀ အထိ အရောင်းအဝယ်ကောင်းမွန်ကြောင်း သိရသည်။

"ဝယ်လိုအားကောင်းလာလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ငါးသလောက်ပိဿာ ၇၀၀ လောက် အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ အရောင်းအဝယ်ကောင်းနေတဲ့ ငါးသလောက်ကလည်း လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးအမျိုးမျိုးရှိပါတယ်။ လက်ရှိလည်း ငါးသလောက်တွေအဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကိုလည်း ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်ဝေဝေကပြောသည်။

အဆိုပါငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေပြီး ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# မင်းဘူးမြို့နယ်ရှိ ရွှေတပင်(အမြဲတမ်း)ပျိုးဥယျာဉ်၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း တစ်သိန်းကျော်ပျိုးထောင်ထား

မင်းဘူး ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ ရွှေတပင်(အမြဲတမ်း)ပျိုးဥယျာဉ်၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားကြောင်း မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ပျိုးထောင်ရာတွင် အထူးစိမ်းပျိုးပင် ၂၆၀၀၀ ကျော်နှင့် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးမည့်တောင်တန်းစိုက်ခင်း ၇၅ ဧကနှင့် ကျေးရွာသုံး စိုက်ခင်း ၂၅ ဧကတို့အတွက် ပျိုးပင် ၇၅၅၉၄ ပင် စုစုပေါင်းပျိုးပင် တစ်သိန်းကျော်ကို ပျိုးထောင်ထားကြောင်း၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတုညီညွတ်မျှတမှုအတွက် အထောက်အကူပြုစေရန်နှင့် မြို့နယ်အတွင်း ထင်းလောင်စာများ ဖူလုံစေရန် စသည့်ရည်ရွယ်ချက်များဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ယခုကဲ့သို့ ပျိုးထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ရွှေတပင်(အမြဲတမ်း) ပျိုးဥယျာဉ်မှာ အထူးစိမ်းပျိုးပင် ၂၆၀၀၀ ကျော်နဲ့ ဒီနှစ်မိုးရာသီမှာ စိုက်ပျိုးမယ့် တောင်တန်းစိုက်ခင်း ၇၅ ဧကနဲ့ ကျေးရွာသုံးစိုက်ခင်း ၂၅ ဧကတို့အတွက် ပျိုးပင် ၇၅၀၀၀ ကျော် စုစုပေါင်းပျိုးပင် တစ်သိန်းကျော်ကို ပျိုးထောင်ထားပါတယ်။ ပျိုးထောင်ထားတဲ့သစ်မျိုးတွေကတော့ ဒီဒေသကထွက်ရှိတဲ့ သစ်မျိုးတွေနဲ့ ကိုက်ညီပြီးတော့ ရာသီဥတုဒဏ်ခံနိုင်တဲ့ တမာ၊ ဒဟတ်၊ ပဲချယ်ရီ၊ မဲဇလီ၊ ရင်းမာ စတဲ့သစ်မျိုးတွေကို ပျိုးထောင်ထားပါတယ်" ဟု မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းစိုးကပြောသည်။

အဆိုပါပျိုးပင်များကို ယခုနှစ်မိုးရာသီတွင် မင်းဘူးမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာရုံးများ၌ စိုက်ပျိုးနိုင်စေရန် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည့်အတွက် စိုက်ပျိုးလိုသူများအနေဖြင့် မည်သူမဆို လာရောက်ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် နှစ်စဉ်သစ်တောစိုက်ခင်းများ၊ ကျေးရွာသုံးစိုက်ခင်းများ၊ ရေဝင်ရေလဲစိုက်ခင်းများနှင့် တောင်တန်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပေးခြင်း၊ သဘာဝတောခြံများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းများအပြင် ရေရှားပါးသောအရပ်ဒေသများ၌ ရေရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း


**ယမန်နေ့မှအဆက်**

### မီးပွင့်အောင်လည်ခြင်း

ကျွန်ုပ် ကိုးတန်းအောင်သောအချိန်၌ မိဘများသည် ဖိနပ်ထောင်ဆရာအလုပ်ကိုစွန့်လွှတ်၍ မန္တလေးမှ ဝက်လက်သို့ပြောင်းရွှေ့ပြီးလျှင် 'ချိတ်ကုန်တိုက်ကုန်' ပွဲစားအလုပ်ကို လုပ်ကိုင်လျက်ရှိကြလေပြီ။ မိဘများသည် ကျွန်ုပ်အား ရန်ကုန်ကောလိပ်ကျောင်းသို့ပို့ရန် စိတ်ကူးရှိဖူးသော်လည်း စီးပွားရေးအခြေအနေမကောင်းသဖြင့် မတတ်နိုင်ဘဲရှိခဲ့၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ကျောင်းထွက်သောအချိန်မှာပင် လုပ်ငန်းအစီအစဉ်မရှိဘဲလျက် ဝက်လက်သို့မလိုက်လို၍ မန္တလေးမြို့၌ ဖခင်၏ညီဝမ်းကွဲတစ်ယောက်၏အိမ်၌တည်းခိုကာ ဗုဒ္ဓဘာသာကျောင်းတွင် ကျောင်းဆရာဝင်၍လုပ်၏။ လခ ၃၀ မျှရသော်လည်း အတော်ကလေးသုံးလောက်သောခေတ်ဖြစ်၍ ကြိုက်သလိုလည်ပတ်နိုင်၏။ မိဘများကလည်း စာမေးပွဲအောင်သောကြောင့် ဘိုင်စကယ်အသစ်တစ်စီးဝယ်ပေးခဲ့ရာ ကျွန်ုပ်မှာ ဖခင်၏ကျပ်တည်းသောထိန်းသိမ်းခြင်းမှ လွတ်မြောက်သည်တစ်ကြောင်း၊ တစ်နေ့လျှင် မုန့်ဖိုးခြောက်ပြားမျှသာ ရခဲ့ရာမှ တစ်နေ့လျှင် တစ်ကျပ်သုံးနိုင်သဖြင့် ဖောဖောသီသီဖြစ်လာသည်တစ်ကြောင်း၊ ဘိုင်စကယ်အသစ်တစ်စီးရသည်တစ်ကြောင်းကြောင့် (ထိုခေတ်တွင် မန္တလေးမြို့၌ လူတိုင်းဘိုင်စကယ်စီးနိုင်သည်မဟုတ်။ ဤခေတ် ဂျစ်ကားစီးနိုင်ခြင်းထက် မျက်နှာရှိသည်။ ကျွန်ုပ်တို့အရပ်ထဲတွင် ရုံးစာရေးသူငယ်ချင်းတစ်ယောက်မှတစ်ပါး ကျွန်ုပ်တစ်ယောက်တည်းသာ ဘိုင်စကယ်ရှိသည်။) လည်လိုက်ပတ်လိုက်သည်မှာ မီးပွင့်နေတော့၏။ ကျောင်းတက်ချိန်နှင့် စားချိန်၊ အိပ်ချိန်တို့မှတစ်ပါး အလင်းရောင်ရှိသမျှ လည်တော့၏။ မန္တလေးမြို့သည် တစ်ပြပတ်လည်အတွင်း၌ လေးစိတ်ဝင်းများ ရှိကြသည်ချည်းဖြစ်ရာ မန္တလေး၌မွေးပြီး အို၍သေရသူပင် ဖြစ်စေကာမူ အဆိုပါလေးစိတ်ဝင်းတိုင်းသို့ တစ်မြို့လုံးစေ့စုံအောင် ရောက်ဖူးသူဟူ၍ တစ်ယောက်မျှပင် ရှိလိမ့်မည်မထင်ပေ။ ကျွန်ုပ်မူကား ဘိုင်စကယ်သစ်ရပြီးကတည်းက လေးစိတ်ဝင်းများကို ကွက်စိပ်ရိုက်ပြီး အမှတ်အသားနှင့် တမင်တကာလှည့်လည်ခဲ့ဖူးသည်ဖြစ်၍ ကျွန်ုပ်ကဲ့သို့ ဝင်းတိုင်းနှံ့စပ်အောင် ရောက်ခဲ့ဖူးသူရှိလိမ့်မည်မထင်ပေ။

### ပွဲကြည့်နှစ်

ကျောင်းထွက်ပြီး၍ ကျောင်းဆရာလုပ်နေသောအချိန်တွင် ကျွန်ုပ်၌ မိတ်ဆွေသစ်များတိုးပွားလျက်ရှိလေပြီ။ ကျောင်းသားဘဝ၌မူ ကျောင်းသားအချင်းချင်းမျှသာ အပေါင်းအသင်းပြုလုပ်ခဲ့လေရာ ကျောင်းထွက်ပြီးသည့်နောက် ကိုဖေမှာလည်း သူ၏ဌာနီ (မင်းကင်း) သို့ ပြန်သွားပြီဖြစ်၍ ဈေးချိုထဲမှ ဈေးသည်ကာလသားများ၊ ဤကျောင်း၊ ထိုကျောင်းများမှ ကျောင်းသားကြီးများ၊ စာရေးစာချီများ၊ ပိုက်ဆံရှိ



သောမိဘများ၏သားတေလေများ စသည်တို့နှင့် အကျွမ်းတဝင်ဖြစ်ခဲ့ရလေပြီ။ ဤလူစုအနက်တွင် ကျွန်ုပ်ကဲ့သို့ ကိုးတန်းအောင်သူ တစ်ယောက်မျှမရှိ။ အင်္ဂလိပ်စာပင် သင်ဖူးကြသူနည်းပါးလှသောကြောင့် ထိုသူတို့သည် ကျွန်ုပ်အား'လူတော်'ကလေးတစ်ယောက်အနေဖြင့် လက်ခံကြ၍ ဝမ်းမြောက်ဝမ်းသာမိတ်ဖွဲ့ကြ၏။ 'မြဲ' ပြဿနာမျိုးမှ တစ်ပါး အရပ်ရပ်ဗဟုသုတနှင့်ဆိုင်ရာတွင် ကျွန်ုပ်၏ စကားကို နာယူကြ၏။ ကြည့်လိုက်ကြသည့်ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်၊ ရုံပွဲဆိုသည်များမှာလည်း တစ်ညမျှမလပ်သလောက်ဖြစ်၏။ တစ်သက်လုံး စိတ်ချလက်ချ မကြည့်ခဲ့ရသမျှ ယခုမှ အတိုးချ၍ကြည့်ရ၏။ ဘိုးစိန်ကြီး၊ စိန်ကတုံး၊ အောင်ဗလတည်းဟူသော ဇာတ်ပွဲများ။ စိန်ဒွေး၊ စိန်ဌေးတည်းဟူသော မိန်းမဇာတ်မင်းသားများ။ ဆရာပု၊ ကိုဘကျော့၊ စံပယ်သက်၊ ကိုစိန်ခို၊ ကိုဖူးညို၊ ကိုဖုန်းမို တည်းဟူသော ရုပ်သေးများ။ စိန်သုံးကြီး၊ ဒုတိယစိန်သုံး၊ ဘိလပ်ပြန်စိန်တင်၊ အလုံစိန်တင်၊ စိန်ဆင်၊ အုန်းစိန်၊ မြကလေး၊ မြသွေး၊ ရေကျော်စိန်ပု၊ ဆီကြော်၊ ဇေိန်တည်းဟူသောအငြိမ့်များ။ ချစ်ဖွယ်၊ ချစ်စရာ၊ ရွှေဒင်္ဂါး၊ တက်တိုး စသောအငြိမ့်လူပြက်များကို 'ရေလဲ' နှင့် ကြည့်လေတော့သည်။ ဆူပူမည့်လူလည်းမရှိ၊ အချိန်ကလည်းအားလပ်၊ ပိုက်ဆံမပေါစေကာမူ သုံးလောက်စွဲလောက်လည်းရှိ လူကလည်းကျန်းမာ၊ အရွယ်ကလည်း နုပျိုလေရကား ကျွန်ုပ်မှာ ကျောင်းမှထွက်သောနှစ်သည် ကျွန်ုပ်၏ တစ်သက်တာတွင် 'ပွဲကြည့်နှစ်' ဟူ၍ ခေါ်ထိုက်ပေသည်။

### ဝတ္ထုပြောသမားဘဝ

ကာလသားသူငယ်ချင်းများနှင့် မတွေ့ရသောအချိန်များနှင့် ပွဲမကြည့်သောညများတွင် ကျွန်ုပ်သည် ပသီပုံပြင်ဝတ္ထုအဆင့်အတန်းမှ တက်လာခဲ့၍ ထိုခေတ်က အလွန်နာမည်ကြီးလှသည့် ဗြိတိသျှနန်းတွင်း အရှုပ်တော်ပုံကြီး (Mysteries of the Court of London) ဝတ္ထုကြီးကိုလည်းကောင်း၊ လန်ဒန်မြို့အရှုပ်တော်ပုံကြီး (Mysteries of London) ဝတ္ထုကြီးကိုလည်းကောင်း ညဥ့်နက်လှအောင်ဖတ်ရှု၏။ ပသီပုံပြင်ဝတ္ထုများသည် စိတ်ဝင်စားဖွယ်ကောင်းသော်လည်း ကလေးသူငယ်အဆင့်အတန်းမျှသာရှိ၍ အရှုပ်တော်ပုံဝတ္ထုကြီးများကား ကာလသားအရွယ်အကြိုက်ဖြစ်သည်နှင့်မအိပ်ဘဲဖတ်ရမည်ဆိုက ဖတ်နိုင်သောဝတ္ထုကြီးများဖြစ်၏။ အပျို၊ လူပျိုအရွယ်များ အဖို့တွင် ရည်းစားထားချင်စိတ်ဖြစ်ပေါ်လာအောင် ရေးထားသည့်ဝတ္ထုမျိုးကို ဖော်ပြပါဆိုလျှင် ဤဝတ္ထုကြီးနှစ်အုပ်ကို ရွေးချယ်ရပေလိမ့်မည်။ ဤဝတ္ထုကြီးများ ဖတ်ဖူးသူအချင်းချင်း စကားပြောကြရမည်ဆိုလျှင် မအိပ်တမ်းပြောနိုင်၏။ ပြောလည်းပြောခဲ့ဖူး၏။ တစ်နေ့သ၌ ကျွန်ုပ်သည် အတန်းတူ၊ အသက်တူ မိန်းကလေးတစ်ယောက်နှင့် စစ်ကိုင်းတောင်ရိုးတွင် ဆုံမိကြ၍ ဤဝတ္ထုကြီးများကို နှစ်ယောက်စလုံး ဖတ်ဖူးကြသည်နှင့် ထိုင်၍ပြောလိုက်ကြရာ နံနက်ဆွမ်းချက်သူများ ထကြသောအခါတွင်မှ လူကဲ့ရဲ့မည်စိုးသည်နှင့် အိပ်ရာသို့ဝင်ကြရသည်။ မိန်းကလေး၌လည်းကောင်း၊ ကျွန်ုပ်၌လည်းကောင်း ချစ်ကြိုက်သူရှိနှင့်ပြီးဖြစ်၍သာ တော်တော့သည်။ သို့မဟုတ်ခဲ့လျှင် စိတ်ဖောက်ပြန်ကောင်း ဖောက်ပြန်ကြလိမ့်မည်ထင်၏။ အခြားလူပျိုကလေးများကား မပြောတတ်။ ကျွန်ုပ်အဖို့မှာမူ ထိုအချိန်၌ အလွန်သစ္စာရှိ၍ 'ဖွဲနှင့်ဆန်ကွဲ'ဟူသောစကားပုံအတိုင်း သဘောထားမိပါတော့သည်။ တစ်ခါတစ်ရံပွဲမရှိသောညများတွင် ကျွန်ုပ်နှင့်ကာလသားတစ်စုတို့သည် လသာသာ၌ ခုတင်ကြီးပေါ်တွင် ပက်လက်လှန်လျက် ကျွန်ုပ်က အထက်ပါအရှုပ်တော်ပုံဝတ္ထုကြီးများကို ပြောပြလေ့ရှိရာ အတွဲပေါင်းတစ်ဆယ်ကျော်စီရှိသော ဝတ္ထုကြီးများဖြစ်ပါလျက် အစအဆုံးပြန်ပြောနိုင်၍ သုံးလေးညမျှ ဆက်လက်ပြောရလေသည်။ ဤသည်မှာ ကာလသားများအလယ်တွင် မျက်နှာပွင့်လန်းစေသည်ဖြစ်၍ ကျွန်ုပ်ကလည်း မောပန်းသည်ဟု မအောက်မေ့ခဲ့ချေ။

### ပိုးပန်းသူများလှသော မိန်းကလေး

ပွဲလမ်းသဘင်များသို့ ကျွန်ုပ်နှင့် သွားအတူ လာအတူဖြစ်၍ ကျွန်ုပ်ပြောသည့်ဝတ္ထုများကို နားထောင်ရသဖြင့် ကျွန်ုပ်အား ခင်မင်လေးစားကြသည့် ကာလသားသူငယ်ချင်း ရှစ်ယောက်ခန့်ရှိသည့်အထဲတွင် ကျွန်ုပ်သဘောကျလျက်ရှိသော မိန်းကလေးအား ပိုးပန်းသူနှစ်ယောက်၊ သုံးယောက်ရှိပါ၏။ ကျွန်ုပ်၏ နေအိမ်မှာ ထိုမိန်းကလေး၏နေအိမ်နှင့် အနီးကပ်ဆုံး (သုံးအိမ်လောက်သာခြားသည်) ဖြစ်လေရကား ၎င်းတို့သည် ကျွန်ုပ်၏နေအိမ်၌ စတည်းချကာ မိန်းကလေးကို ပိုးပန်းကြ၏။ ၎င်းတို့သည် တစ်ယောက်စီလာ၍ ညဥ့်အချိန်များတွင် မိန်းကလေး၏အိမ်နောက်ဖေး၌ ရစ်ပတ်ကာ ချောင်းမြောင်းကြ၏။ ကျွန်ုပ်မှာ ကိုယ့်စိတ်ထဲ၌ သဘောကျခြင်းမျှသာဖြစ်၍ မိန်းကလေး၏သဘောထားကို အတိအကျသိရခြင်း မဟုတ်ဘဲ ထင်ကြေးမျှသာရှိသဖြင့် သမီးရည်းစားမဟုတ်သေးသောကြောင့် ကျွန်ုပ်၏ချစ်ကြိုက်ခြင်းကို သူတို့အားမပြော။ သူတို့ကလည်း ရိပ်မိဟန်မရှိသဖြင့် ကျွန်ုပ်အိမ်မှ ပိုးပန်းကြခြင်းဖြစ်လေသည်။ တစ်ခါတစ်ရံတွင် ပိုးပန်းကြသူများက ကျွန်ုပ်၏ကိုးတန်းဂုဏ်ကို အထင်ကြီးကြသည်နှင့် . . .'ခင်ဗျားက အိမ်နီးချင်းဖြစ်ပြီး ငြိမ်လှပါလားဗျ။ ခင်ဗျားပိုးလျှင်တော့ ပြောသာပြောပါဗျာ။ ကျုပ်တို့ နောက်ဆုတ်ပါ့မယ်။ ခင်ဗျားနဲ့တော့ မပြိုင်ဝံ့ပါဘူး' ဆိုကာ တီးခေါက်စုံစမ်းကြ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကန့်ဘလူမြို့နယ်၌ အသက်ခြောက်လမှငါးနှစ်အထိကလေးများအား ဗီတာမင် A တိုက်ကျွေး



ကန့်ဘလူ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ အသက်ခြောက်လမှ ငါးနှစ်အထိကလေးများအား ဗီတာမင် A တိုက်ကျွေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလ ၂ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ တိုက်ကျွေးပေးကြောင်း သိရသည်။

ထိုသို့တိုက်ကျွေးရာတွင် အသက်ခြောက်လမှတစ်နှစ်အထိ ကလေးများအား ဗီတာမင် A တစ်သိန်းယူနစ်ကိုလည်းကောင်း၊ အသက်တစ်နှစ်မှငါးနှစ်အထိ ကလေးများအား ဗီတာမင် A နှစ်သိန်းယူနစ်ကိုလည်းကောင်း တိုက်ကျွေးပေးခဲ့ရာ စုစုပေါင်း ကလေး ၅၂၇ ဦးတို့ကို တိုက်ကျွေးပေးခဲ့ကြောင်းနှင့် ကျန်ကလေးများကိုလည်း ဆက်လက်တိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကလေးများ အာဟာရပြည့်ဝစွာရရှိရေး ကလေးအာဟာရမှုန့်တိုက်ကျွေးနိုင်ရန်အတွက် Vitamin and Mineral Pounder (ဗီတာမင်နှင့်မင်နရယ်ပေါင်ဒါ)နှစ်ဘူးစီပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်ရန် ရောက်ရှိလာသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးထိန်လင်း ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရောက်ရှိလာကြသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနေ့လယ်စာ စားသောက်နေမှုနှင့် ပြင်ဆင်ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက္ကူလင်းစာကြည့်တိုက်နှင့် အလင်းတန်း စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ် ၁၄ ရပ်ကွက် စက္ကူလင်းစာကြည့်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်ကျေးရွာအုပ်စု အလင်းတန်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများကို ယမန်နေ့ နေ့လယ်ပိုင်းက အဆိုပါစာကြည့်တိုက်များ၌ပြုလုပ်သည်။

စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများအား တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲများတွင် တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များအား လှူဒါန်းရာ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက အလှူရှင်များလှူဒါန်းသည့် သုတ/ရသစာအုပ်များကို လည်းကောင်း လက်ခံရယူပေးကြပြီး စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများက ကျေးဇူးတင်စကားများပြောကြားကြသည်။

ထို့နောက်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများက စာကြည့်တိုက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် အဆိုပါစာကြည့်တိုက်များဆောက်လုပ်ရာတွင် နိုင်ငံတော်မတည်ငွေများနှင့် ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄°C | / | ၃၂°C |
| ရန်ကုန် | ၁၈°C | / | ၃၄°C |
| မန္တလေး | ၁၆°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ညောင်ရွှေမြို့နယ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ညောင်ရွှေ ဖေဖော်ဝါရီ ၂

အနာဂတ်ဘဝဖူလုံဖို့ ရေဝပ်ဒေသများကာကွယ်စို့ (Protecting Wetlands For Our Common Future) ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီလ ၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာရှိ MAB-EEC ဇီဝအဝန်းနယ်မြေပညာပေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးက ကမ္ဘာ့ရေဝပ်ဒေသများနေ့အခမ်းအနားကျင်းပရခြင်းအကြောင်းရင်း၊ ကမ္ဘာ့ရေဝပ်ဒေသများနေ့နှင့် ရမ်ဆာကွန်ဗင်းရှင်းဖြစ်ပေါ်လာပုံ၊ ရေဝပ်ဒေသများ၏ဝန်ဆောင်မှုများ၊ မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများထိန်းသိမ်းဆောင်ရွက်မှုအခြေအနေ၊ အင်းလေးကန် ရေဝပ်ဒေသအကြောင်း၊ ရေဝပ်ဒေသစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဖွဲ့စည်းခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဝပ်ဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေးဗီဒီယိုမှတ်တမ်းကို ပြသပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ် အခြေခံပညာအဆင့်စာစီစာကုံးပြိုင်ပွဲနှင့် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူတို့အား ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် ရေဝပ်ဒေသထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးပြခန်းကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ၌ ကမ္ဘာ့အဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသများအနေဖြင့် မိုးယွန်းကြီးအင်း၊ အင်းတော်ကြီးအိုင်၊ မိန်းမလှကျွန်း၊ မုတ္တမပင်လယ်ကွေ့မြောက်ပိုင်းဒေသ၊ အင်းလေးကန်၊ နံ့သာကျွန်း၊ မေယုမြစ်ဝဒေသနှင့် ပြူကန် ဟူသော ရေဝပ်ဒေသကြီးများရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ



# (၂၃) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဝိနယာဓိကစာမေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့မှ ကြီးမှူး၍ (၂၃) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံဝိနယာဓိက စာမေးပွဲကို ဖေဖော်ဝါရီလ ၂ ရက်တွင် အမှတ်(၄၂) ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သာသနဒ္ဓဇဗိမာန်တော်၌ ကျင်းပသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ဝိနယာဓိကစာမေးပွဲကို ပထမကြီးတန်းတွင် သံဃာတော် ၂၇ ပါးနှင့် သီလရှင်နှစ်ပါး၊ ပထမလတ်တန်းတွင် သံဃာတော် ၂၉ ပါးနှင့် သီလရှင်နှစ်ပါး၊ ပထမငယ်တန်းတွင် သံဃာတော် ၇၂ ပါးနှင့် သီလရှင် ၁၅ ပါး၊ အခြေပြုမူလတန်းတွင် သံဃာတော် ၁၁၆ ပါးနှင့် သီလရှင်ကိုးပါး စုစုပေါင်း သံဃာတော် ၂၄၄ ပါးနှင့် သီလရှင် ၂၈ ပါး ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုကြသည့် သံဃာတော်နှင့် သီလရှင်များ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရန် စာမေးပွဲကြီးကြပ်ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တမာဘိဝံသနှင့် ဆရာတော်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပြီး အဆိုပါစာမေးပွဲကို ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်ထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြင့်မြင့်ရီ

# ရေကြည်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ

ရေကြည် ဖေဖော်ဝါရီ ၂


ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြတ်မော်၏ပြောပြချက်အရ သိရသည်။

ရေကြည်မြို့နယ် ကုန်စိမ်းဈေးကွက်၌ ဒေသထွက်ခဝဲသီးများကို ဇန်နဝါရီလ တတိယပတ်မှစ၍ ဝယ်လိုအားကောင်းလာပြီး တစ်ရက်လျှင် ခဝဲသီးအလုံး ၂၀၀၀၀ မှ ၃၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

"ခဝဲသီးက ရေကြည်မြို့နယ်ရဲ့ ဒေသထွက်ကုန်တစ်ခုပါ။ အခု ဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ တခြားဒေသတွေကလည်း ရေကြည်ဒေသထွက် ခဝဲသီးကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုပြီးအဆင်ပြေလာပါတယ်"ဟု ဒေါ်မြတ်မော်ကပြောသည်။

ရေကြည်မြို့နယ်၌ လက်ရှိ ခဝဲသီးအပါအဝင် ရာသီကုန်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ရာ အရောင်းအဝယ်သွက်လာသည့်အတွက် ဟင်းသီးဟင်းရွက်စိုက်တောင်သူများ ဝင်ငွေတိုးပွားလာပြီး ဒေသတွင်းသီးနှံဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

သုတကျော်




# တောင်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ်အတွင်း မီးလောင်မှု ၂၄ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သိန်း ၃၀၀ ကျော်ရှိ

တောင်ကြီး ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း မီးလောင်မှု ၂၄ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သိန်း ၃၀၀ ကျော်ရှိခဲ့ကြောင်း တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

သက်ဆိုင်ရာမှပြုစုထားသော စာရင်းများအရ တောင်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ်အတွင်း မီးဖိုမီး တစ်ကြိမ်၊ ပေါ့ဆမီး ရှစ်ကြိမ်၊ လျှပ်စစ်မီး လေးကြိမ်၊ ရှို့မီး နှစ်ကြိမ်နှင့် တောမီး ကိုးကြိမ် စုစုပေါင်း မီးလောင်မှုအကြိမ်ရေ ၂၄ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၃၂၄ ဒသမ ၈၅ သိန်းခန့်ရှိကြောင်း သိရသည်။

"တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုကို ၄၅ စက္ကန့်အတွင်းမှာ အတိအကျစုံစမ်းပြီး အမှန်တကယ်ဖြစ်ပေါ်တယ်ဆိုရင် မီးငြိမ်းသတ်ယာဉ်လေးစီးနဲ့ ရေသယ်ယာဉ်နှစ်စီးသွားပြီးတော့ မီးငြိမ်းသတ်ပါတယ်။ ကျန်တဲ့ခရိုင်တွေကလည်း လိုအပ်သလို မီးငြိမ်းသတ်ယာဉ်တွေ၊ ရေသယ်ယာဉ်တွေကို ဖြည့်ဆည်းပြီးတော့ ကူညီဆောင်ရွက်ကြပါတယ်" ဟု တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းကပြောသည်။

ယခုနှစ် ဇန်နဝါရီလ ၅ ရက်မှစ၍ တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများထားရှိရန် အကြံပေးခြင်း၊ စာသင်ကျောင်းများ၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ယခင်နှစ်များထက် မီးလောင်မှုများလျော့ကျလာစေရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ၊ နယ်မြေအလိုက် စစ်ဆေးခြင်းများလုပ်ဆောင်လျက်ရှိသကဲ့သို့ မီးလောင်မှုဖြစ်စဉ်များဖြစ်ပေါ်လာပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# အသက်အန္တရာယ်ပေးနိုင်သော ခြေထောက်အကြောထုံးရောဂါ

ပေါက်ပေါက်

**''အကြောများဆိုင်းပြီး သွေးကြောပိတ်ဆို့ရောင်ရမ်းလာခြင်းကို ဆေးပညာအရ Varicose Veins ဟုခေါ်သည်။ သွေးကြောအဆို့ရှင်များ အားနည်း၍ ကောင်းစွာအလုပ်မလုပ်နိုင်ခြင်းကြောင့် ထိုရောဂါဖြစ်လာခြင်းဖြစ်သည်။ ထိုသို့ပိတ်ဆို့ခြင်းက လူတချို့တွင် ကြီးကြီးမားမားပြဿနာမဟုတ်သော်လည်း လွန်ကဲစွာအကြောထုံးလာခဲ့လျှင် နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ များသောအားဖြင့် ခြေထောက်(ခြေသလုံး)နှင့် ခြေမျက်စိတို့တွင် ဖြစ်လေ့ရှိပြီး ခြေမျက်စိအနီး သွေးကြောဖောင်းပါက သွေးကြောပေါက်ပြီး သွေးယိုထွက်နိုင်သည်။ ထိုအခြေအနေမျိုးသည် သွေးများဆုံးရှုံးမှု လျင်မြန်နိုင်သောကြောင့် သွေးကြောပိတ်ဆို့ခြင်းထက်ပင် အန္တရာယ်များသည်။ ဤပြဿနာမျိုးတွေ့ကြုံရပါက သွေးထွက်နေသောနေရာကိုဖိပိတ်၍ ဆရာဝန်နှင့် အမြန်ဆုံးပြသသင့်သည် . . .''**

လူ့ဘဝသက်တမ်းတစ်လျှောက်တွင် ရောဂါတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုပြီး ခံစားရနိုင်သည်။ တချို့သောရောဂါများက အသက်အန္တရာယ်ပေးနိုင်သောကြောင့် အရေးပေါ်ကုသရန်လိုအပ်ပြီး အမြန်ဆုံးကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။ အသက်အန္တရာယ်ပေးနိုင်သောရောဂါများတွင် ခြေထောက်အကြောထုံးရောဂါလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခြေသလုံးတွင်းရှိ သွေးခဲများက အဆုတ်ကိုထောက်ပံ့ပေးသော သွေးလွှတ်ကြောကို ပိတ်ဆို့သွားသောကြောင့် ရုတ်တရက် ရင်ဘတ်အောင့်လာကာ အသက်ရှူကျပ်စေသည်။

အကြောများဆိုင်းပြီး သွေးကြောပိတ်ဆို့ရောင်ရမ်းလာခြင်းကို ဆေးပညာအရ Varicose Veins ဟုခေါ်သည်။ သွေးကြောအဆို့ရှင်များ အားနည်း၍ ကောင်းစွာအလုပ်မလုပ်နိုင်ခြင်းကြောင့် ထိုရောဂါဖြစ်လာခြင်းဖြစ်သည်။ ထိုသို့ပိတ်ဆို့ခြင်းက လူတချို့တွင် ကြီးကြီးမားမားပြဿနာမဟုတ်သော်လည်း လွန်ကဲစွာအကြောထုံးလာခဲ့လျှင် နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ များသောအားဖြင့် ခြေထောက်(ခြေသလုံး)နှင့် ခြေမျက်စိတို့တွင် ဖြစ်လေ့ရှိပြီး ခြေမျက်စိအနီး သွေးကြောဖောင်းပါက သွေးကြောပေါက်ပြီး သွေးယိုထွက်နိုင်သည်။ ထိုအခြေအနေမျိုးသည် သွေးများဆုံးရှုံးမှု လျင်မြန်နိုင်သောကြောင့် သွေးကြောပိတ်ဆို့ခြင်းထက်ပင် အန္တရာယ်များသည်။ ဤပြဿနာမျိုးတွေ့ကြုံရပါက သွေးထွက်နေသောနေရာကိုဖိပိတ်၍ ဆရာဝန်နှင့် အမြန်ဆုံးပြသသင့်သည်။

### အနေအထိုင်ဆင်ခြင်ပါ

ခြေသလုံးသွေးကြော၌ သွေးခဲပိတ်ခြင်းကို လေယာဉ် သို့မဟုတ် ကား အချိန်ကြာမြင့်စွာစီးနင်းသူများတွင် ပိုမိုဖြစ်ပွားတတ်သည်။ ခွဲစိတ်ကုသမှုပြုလုပ်ပြီး အိပ်ရာထဲတွင် အချိန်ကြာရှည်စွာလှဲနေရသူများ၊ လှုပ်ရှားမှုနည်းသည့် သက်ကြီးရွယ်အိုများ၊ အဝလွန်သူများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင်လည်း ဖြစ်လေ့ရှိသည်။ ထို့ပြင် လမ်းလျှောက်နေခြင်းနှင့် မတ်တတ်ရပ်နေခြင်းထက် အချိန်ကြာရှည်စွာထိုင်နေခြင်း သို့မဟုတ် လဲလျောင်းခြင်းပြုလုပ်ပါက ခြေထောက်အောက်ပိုင်းသွေးကြောများမှာ သွေးခဲ၍ သွေးကြောပိတ်စေနိုင်သည်။

ကြာမြင့်စွာ မတ်တတ်ရပ်အလုပ်လုပ်ခြင်းက ခြေထောက်ဝန်ပိစေပြီး အကြောထုံးလာနိုင်သဖြင့် သတိပြုသင့်သည်။ ခုံပေါ်တွင် ကြာကြာထိုင်၍ အလုပ်လုပ်ခြင်း သို့မဟုတ် တီဗွီကြည့်ခြင်း သို့မဟုတ် ကွန်ပျူတာ ကြာမြင့်စွာအသုံးပြုခြင်း၊ ခြေထောက်နှစ်ချောင်း ချိတ်ထိုင်ခြင်း၊ ပေါင်ပေါ်သို့ လေးလံသောပစ္စည်းတင်၍ ထိုင်ခြင်း စသည်တို့က သွေးလည်ပတ်မှုကို တားဆီးပိတ်ဆို့စေသည်။ ဒေါက်မြင့်ဖိနပ်စီးပြီး ခရီးဝေးလျှောက်ခြင်း သို့မဟုတ် မတ်တတ်ရပ်ခြင်းကလည်း သွေးကြောပိတ်ဆို့စေသည်။ မိမိခြေထောက်ထက် သေးငယ်သည့်ဖိနပ်စီးခြင်းနှင့် ခြေအိတ်သေးသေးဝတ်ဆင်ခြင်းတို့ကလည်း ခြေထောက်သွေးကြောထုံးစေနိုင်သည်။ တစ်ခါတစ်ရံ အကြောထုံးများက သည်းမခံနိုင်လောက်အောင် ယားယံစေသော်လည်း ကုတ်ခြစ်ခြင်းမပြုလုပ်သင့်ပေ။ သွေးထွက်အနာဖြစ်စေသည်။

### ရောဂါလက္ခဏာများ

ခြေထောက်အကြောထုံးခြင်း၏ရောဂါလက္ခဏာများအနေဖြင့် ခြေထောက်ရောင်ကိုင်းနေပြီး ထိလိုက်ပါက နာကျင်ခြင်း၊ သွေးကြောများယားယံခြင်း၊ အရေပြားအရောင်ပြောင်းလဲသွားခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း သို့မဟုတ် ချောင်းဆိုးသွေးပါခြင်းတို့ကို ခံစားရလေ့ရှိသည်။ သာမန်အကြောထုံးခြင်းကို အနေအထိုင်အစားအသောက်ဖြင့် ထိန်းထားနိုင်သော်လည်း သာမန်ထက်ဆိုးရွားလာပါက လိုအပ်သောစစ်ဆေးမှုများလုပ်ပြီး ရောဂါအခြေအနေပေါ်မူတည်၍ ကုသမှုခံယူသင့်သည်။

### အစားအသောက်ဖြင့်ထိန်းပါ

သကြား၊ အချိုကဲသောအစားအစာများ၊ ရေခဲမုန့်၊ ဆီကြော်မုန့်များ၊ အဆီများသော အစားအစာများ၊ တိရစ္ဆာန်မှရသော အဆီအနှစ်များ၊ ပြန်လည်ပြုပြင်ထားသော အသင့်စားအစားအစာများ၊ ဆားနှင့်ငန်သောအစားအစာများ စသည်တို့ကို ရှောင်ပါ သို့မဟုတ် အနည်းငယ်သာစားပါ။ ဆေးလိပ်နှင့် အရက်ကို တတ်နိုင်သလောက်ရှောင်ပါ။ ငါးများများစားပါ။ ပဲပိစပ်၊ ကြက်သွန်နီ၊ ချင်းတို့က သွေးလည်ပတ်မှုကို များစွာကောင်းကျိုးပြုသည်။ နာနတ်သီး၊ ချယ်ရီသီးနှင့် ဘယ်ရီသီးတို့က အကြောထုံးပိတ်ဆို့ခြင်းအတွက် အကောင်းဆုံးဓာတ်စာများဖြစ်သည်။ ဝမ်းချုပ်ခြင်းက အကြောထုံးခြင်းနှင့်ပတ်သက်ဆက်နွှယ်နေသောကြောင့် ဝမ်းမချုပ်အောင် အမျှင်ဓာတ်များသော အစားအစာများစားပါ။ မုန်လာဥနီနှင့် ဟင်းနုနယ်တို့ကို တွဲဖက်စားခြင်းဖြင့် ယင်းနှစ်မျိုးဓာတ်ပြုခြင်းက အကြောထုံးရောဂါကို ဆေးစွမ်းထက်မြက်စေသည်။ ဖွဲနု၊ ကောက်နှံ၊ ပဲအမျိုးမျိုး၊ ဂျုံကြမ်း၊ ကွေကာအုတ်အကြမ်းစားပါ။

### လွယ်ကူသက်သာသောအိမ်တွင်းကုထုံးများ

ပန်းသီးရှလကာရည်က အကြောအထုံးများကို ပြေပျောက်စေ၍ မကြာခဏလိမ်းပေးပါ။ ကြက်ဆူဆီကလည်း အကြောထုံး၍ ရောင်ကိုင်းနာကျင်ခြင်းကို အချိန်တိုအတွင်း သက်သာပျောက်ကင်းစေသောကြောင့် ရေချိုးပြီးနောက် ကြက်ဆူဆီဖြင့် အသာအယာနှိပ်နယ်လူးပေးပါ။ နာကျင်မှုသက်သာစေရန်နှင့် သွေးလည်ပတ်မှုကောင်းစေရန်အတွက် ရေအေးအေးဖြင့် အကြောအထုံးများပေါ်သို့ အဆက်မပြတ်လောင်းချပေးပါ။ ခရမ်းချဉ်သီးအစိမ်းအနည်းငယ်ကို ရေဆေးပြီး အကွင်းလိုက်ဖြစ်အောင်လှီးပါ။ ယင်းတို့ကို သွေးကြောထုံးသည့်နေရာပေါ်တင်ပြီးနောက် ပတ်တီးဖြင့်စည်းပါ။ အရေပြားပေါ် စပ်ဖျဉ်းဖျဉ်းခံစားရသည်အထိ ထားပေးရမည်။ မခံမရပ်နိုင်ဖြစ်လာပါက ဖယ်ထုတ်ပါ သို့မဟုတ် ကျွမ်းလာသလို ခံစားရသည်အထိထားပါ။ ယင်းနေရာကို ရေအေးဖြင့်ဆေးပြီး တစ်နေ့ ငါးကြိမ်လုပ်ပေးပါ။ တစ်ဆက်တည်း လုပ်ပေးရပါမည်။ ရက်သတ္တနှစ်ပတ်ခန့်အကြာ အကိုက်အခဲ၊ ရောင်ရမ်းမှုနှင့်အတူ သွေးကြောအဖုများ ပျောက်ကွယ်သွားပါလိမ့်မည်။ နောက်တစ်နည်းမှာ ခရမ်းချဉ်သီးအမှည့်ကို ရေဆေး၊ အကွင်းလိုက်လှီးပြီးနောက် သွေးကြောပေါ်တင်၍ သုံးနာရီမှ လေးနာရီကြာ ပတ်တီးဖြင့်စည်းထားပေးပါ။ ခရမ်းချဉ်သီးများကို မကြာမကြာလဲပေးရပါမည်။ ညနေတိုင်း ပြုလုပ်ပေးရမည်။

### အထိရောက်ဆုံး လေ့ကျင့်ခန်းများ

ကောင်းစွာ သွေးလည်ပတ်စီးဆင်းခြင်းက အကြောထုံးဝေဒနာဖြစ်ပွားခြင်းမှကာကွယ်နိုင်သည်။ ထို့ကြောင့် လမ်းများများလျှောက်ခြင်း၊ ခပ်ရွရွပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း စသည့် လေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ် နာရီဝက် သို့မဟုတ် ၄၅ မိနစ်ခန့် ပုံမှန်လုပ်ပေးခြင်းဖြင့် သွေးလည်ပတ်မှုကောင်းစေသည့်အပြင် ကိုယ်အလေးချိန်ပါကျစေသည်။ ယောဂကျင့်ခြင်းများ ပြုလုပ်သင့်သည်။ ပက်လက်အိပ်ပြီး ခြေထောက်အစုံကို ကုလားထိုင်စွန်းပေါ်တင်ထားပါ။ ထို့နောက် အသက်ကို ဖြည်းဖြည်းချင်းရှူသွင်းပါ။ နှာခေါင်းမှလေရှူပါ။ ကုလားထိုင်စွန်းတွင် မြှောက်တင်ထားသော ခြေထောက်များရှိသွေးများမှာ ကမ္ဘာမြေကြီး၏ဆွဲအားကြောင့် အောက်ဘက်သို့ စီးဆင်းသွားပါလိမ့်မည်။ ဖြည်းဖြည်းမှန်မှန် ရှူသွင်းလိုက်သောလေများက ရင်အုပ်အတွင်းမှာ ဖိအားသက်ရောက်စေပြီး ရင်ခေါင်းအတွင်းသို့ လေများဝင်လာပါမည်။ ထို့ပြင် တစ်ကိုယ်လုံးမှသွေးများ ပြန်၍စုဝေးပါလိမ့်မည်။ ထိုအခါ ခြေသလုံးမှ ဖောင်းနေသော သွေးများပါဆင်းလာကာ သွေးလည်ပတ်မှုကောင်းမွန်စေမည်ဖြစ်ပြီး ခြေထောက်အကြောထုံးခြင်းကို သက်သာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

---

## ရန်ကုန်တိုင်းဒေသကြီး၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်



ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှကြီးမှူးပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ်(၂၀)ကို ဖေဖော်ဝါရီလ ၁ ရက်က ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကနဦးစိစစ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူရက လုပ်ငန်းလိုင်စင်များ လျှောက်ထားဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်ကြားမှုပထမပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက သင်ကြားပို့ချကာ ဒုတိယပိုင်း၌ ရန်ကုန်တိုင်းဒေသကြီးရုံး အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်က သင်ကြားပို့ချပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ထားဝယ်တက္ကသိုလ်၌ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**ထားဝယ် ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်၏(၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးနှင့်စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များက သတ်မှတ်ထားသည့် နေရာအသီးသီးတွင်နေရာယူကြသည်။ ထို့နောက် ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အတွင်း သက်ဆိုင်ရာစာမေးပွဲများတွင် အောင်မြင်ခဲ့သူမဟာဘွဲ့ရရှိသူခုနစ်ဦး၊ ဒီပလိုမာဘွဲ့(စီးပွားရေးဥပဒေ)ရရှိသူငါးဦး၊ ဂုဏ်ထူးဘွဲ့ ရရှိသူငါးဦး၊ ဥပဒေဘွဲ့ရရှိသူ ၁၀ ဦး၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူ ၃၇ ဦးနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်းတွင် အောင်မြင်ခဲ့သည့် ရိုးရိုးဘွဲ့ရရှိသူ ၁၂၀ ဦး၊ ဥပဒေဘွဲ့ရရှိသူခုနစ်ဦးတို့အား ဘွဲ့အသီးသီးအပ်နှင်းသည်။

အခမ်းအနားသို့ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှပါမောက္ခဌာနမှူးများ၊ ဘွဲ့ရမောင်မယ်များနှင့်မိဘများတက်ရောက်ကြကြောင်း သိရသည်။ **ကျော်ကျော်လတ်**

# ပုဂံမြို့၌ စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အကြံပြုစစ်ဆေး



**ညောင်ဦး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းက ဒေသတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ၌ မီးလောင်မှုများမဖြစ်ပေါ်စေရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး အကြံပြုစစ်ဆေးခြင်းကို ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် ပုဂံမြို့သစ်အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၊ ပုဂံနယ်မြေမီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံမြို့သစ်အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ မကြာမီကာလတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကျင်းပမည်ဖြစ်၍ နယ်မြေအတွင်းရှိ စာစစ်ဌာနများတွင် မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန်ဆွေးနွေးပြောကြားသည်။

ထို့နောက် လက်ထောက်မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကျင်းပမည့် ပုဂံမြို့သစ်အခြေခံပညာအထက်တန်းကျောင်း(စာစစ်ဌာန)အား မီးဘေးအန္တရာယ်ကင်းဝေးစေရန် စာသင်ကျောင်းဆောင်များ၊ စာဖြေခန်းများနှင့်ကျောင်းပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် ပတ်သက်၍ မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ၊ အရန်မီးစက် စီမံဆောင်ရွက်ထားရှိမှုနှင့်မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အရေးပေါ် မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ပြင်ပမှ မီးကူးစက်ပြန့်ပွားမှုမရှိစေရေး သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘိုကလေးမြို့နယ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့အခမ်းအနားကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၂**

ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရသော မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတည်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် “အနာဂတ်ဘဝဖူလုံဖို့ ရေဝပ်ဒေသများကာကွယ်စို့” ဆောင်ပုဒ်ဖြင့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုးနှင့် ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိန်းမလှကျွန်း ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြသော ဒေသအခြေပြုအဖွဲ့များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘိုကလေး)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ထို့နောက် မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုးက ရေဝပ်ဒေသများနေ့ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ မိန်းမလှကျွန်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသများအကြောင်း၊ ရေဝပ်ဒေသ၏ အဓိပ္ပာယ်နှင့်သမိုင်းကြောင်းများ၊ ရေဝပ်ဒေသများထိန်းသိမ်းရခြင်း၏ရည်ရွယ်ချက်၊ ထိန်းသိမ်းကာကွယ်ရမည့် နည်းလမ်းများကိုရှင်းလင်းပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ရှေ့ဆက်ဖော်ဆောင်ကြမည့်လုပ်ငန်းစဉ်များကို ဒေသအခြေပြုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## တောင်ထိပ်ရပ်မည့် အောင်စိတ်ဓာတ်

* လှမ်းလျှောက်မလွယ်၊ လမ်းပျောက်ကွယ်၍
အားငယ်စိတ်က၊ ပင့်သက်ချပြီး
ရောက်ပဲ့မလား၊ နောက်ဆုတ်သွား၏။

* ကျောက်ခက်ချွန်တွေ၊ ကာဆီးနေ၍
တွေဝေစိတ်က၊ ပျော့ခွေကျပြီး
လွယ်ပဲ့မလား၊ လက်လျှော့သွား၏။

* မတ်စောက်မြင့်မား၊ အုပ်မိုးထား၍
ချောက်ချားစိတ်က၊ ဘုရားတပြီး
ဖြစ်ပဲ့မလား၊ ထွက်ပြေးသွား၏။

* မိုးထိတောင်စွန်း၊ မြင့်ခေါင်လွန်းလည်း
ကျောက်စွန်းကျောက်စွယ်၊ ဖွဲ့နှင့်တွယ်ရင်း
အားငယ်တွေဝေ၊ ချောက်ချားနေသည့်
သန္တေယုတ်များ၊ ချန်ပစ်ထားပြီး
ကိုယ့်အားကိုယ်မှီ၊ စွဲမြဲတည်သော
စွမ်းရည်ဂုဏ်ဟိတ်၊ ယုံကြည်စိတ်က
တောင်ထိပ်ရပ်ပြ လိုက်သတည်း။

**စဆနိုင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၄:၀၀ | Myanmar Traditional Food |
| ၂။ | ၀၆:၀၃ | တရားတော် | | | |
| ၃။ | ၀၇:၁၆ | ဓမ္မပူဇာတေး | ၉။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၄။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၀။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၅။ | ၈:၀၀ | မျိုးချစ်တပ်မတော် | ၁၁။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၆။ | ၉:၀၀ | Soft Skill | ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ နိဗ္ဗာနသစ္စာ ကိရိယာစ** |
| ၇။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | |

# အိမ်မဲမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၂၇၀၁ ဧကစိုက်ပျိုးဖြစ်ထွန်းလျက်ရှိ



အိမ်မဲ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၂၇၀၁ ဧကစိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ငရုတ် ၂၈၄၄ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၂၇၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၂၈၄၄ ဧကအထိ လျာထားစိုက်ပျိုးနေပါတယ်။ အခုချိန်ထိ ငရုတ် ၂၇၀၁ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ ငရုတ်ဧကတွေကိုလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။ ငရုတ်အပါအဝင် ဆောင်းသီးနှံအားလုံး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ စုစုပေါင်းကျေးရွာ ၁၈ ရွာမှ ဒေသခံတောင်သူများသည် ငရုတ်ကို ဆောင်းရာသီနှင့်နွေရာသီတို့တွင် ပိုမိုစိုက်ပျိုးပြီး ယခုနှစ် မိုးငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းစေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံတော်က စားရေရိက္ခာဖူလုံစေရေးနှင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်လာစေရေးအတွက် ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်ပေးလျက်ရှိရာ ဈေးကွက်ရှိသည့် ငရုတ်အပါအဝင် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်လုပ်ကိုင်သူများ အနေဖြင့် မိမိတို့ဒေသတိုးတက်ရေးနှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

## ကလောမြို့နယ် ပေါပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

ကလော ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု ပေါပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီလ ၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က ပေါပဲကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါပဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၀ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ပိုးသခင်**

# အင်းစိန်မြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီလ ၁ ရက်က အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦး၊ အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဂက်စ်အိုးမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်း၊ ဂက်စ်အိုးမီးလောင်မှုအား Bar ပိတ်၍ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်း၊ ဂက်စ်အိုးမီးလောင်မှုအား အောက်ဆီဂျင်ဖြတ်တောက်၍ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်း၊ မီးလောင်မှုအား ဖုံးအုပ်ငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**



# ညောင်ရွှေမြို့နယ် သပြေကုန်း (အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် သပြေကုန်း (အောက်)ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများဆောင်ရွက်နေမှုကို ဖေဖော်ဝါရီလ ၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများက သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေ ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်သော ကြံသကာချက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို စစ်ဆေးကြကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ကြံသကာချက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် သပြေကုန်း(အောက်)ကျေးရွာ၌ ကြံသကာချက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ အဖွဲ့ဝင်ငါးဦးအား ရန်ပုံငွေ ငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပဲခူးမြို့နယ် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ




ပဲခူး ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူတို့က ပြင်ဆင်မွမ်းမံပြီးစီးခဲ့သည့် မိုးယွန်းကြီးအင်းပညာပေးပြခန်းအဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များက ပြခန်းအတွင်းခင်းကျင်းပြသထားသည့် မိုးယွန်းကြီးအင်းအတွင်း နေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်ပုံသွင်းရုပ်လုံးများ၊ ဆေးစိမ်ရုပ်ကြွင်းများနှင့် Flyway Network Site (ငှက်ပျံသန်းမှုလမ်းကြောင်းဒေသ) မြေပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကြိုးကြာခန်းမ၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မိုးယွန်းကြီးအင်းရေဝပ်ဒေသ၏ အရေးပါပုံနှင့် ထိန်းသိမ်းစောင့်ရှောက်မှုမှတစ်ဆင့်ဒေသခံပြည်သူများထံသို့ပြန်လည်အကျိုးပြုပုံတို့အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဝပ်ဒေသထိန်းသိမ်းရေး ဗီဒီယိုအားကြည့်ရှုခဲ့ကြပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံးများ၊ ပိုစတာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၄၀၁)၊တင်စိုး(ပဲခူး)

# ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များကျက်စားနေထိုင်မှုကို မှတ်တမ်းတင် စာရင်းပြုစုနေ



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျက်စားသည့်ဝက်ဝံကိုတွေ့ရစဉ်။



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားနေသည့်ဘင်္ဂလားကျားကို တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းတည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျက်စားနေထိုင်မှုကို ကင်မရာထောင်ချောက် ၂၄ လုံးတပ်ဆင်၍ ရက် ၉၀ ကြာ မှတ်တမ်းတင်စာရင်းပြုစုနေကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ ဘင်္ဂလားကျား၊ ဝက်ဝံ၊ နို့တိုက်သတ္တဝါနဲ့ ငှက်အပါအဝင် ရှားပါးသတ္တဝါတွေ ကျက်စားတဲ့ ဘေးမဲ့တောဖြစ်ပါတယ်။ သူတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ သူတို့ရဲ့ ကျက်စားနေထိုင်မှုကို လေ့လာသိရှိနိုင်ဖို့ ကင်မရာထောင်ချောက် ၂၄ လုံးကို ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ တပ်ဆင်ခဲ့ပြီးတော့ ဖေဖော်ဝါရီလ ဒုတိယပတ်မှာ ကင်မရာတွေဖြုတ်သိမ်းမှာပါ။ ကင်မရာထောင်ချောက်တွေ ဖြုတ်သိမ်းစစ်ဆေးတဲ့အခါ တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေရဲ့ ထူးခြားမှုကိုသိရှိရမှာပါ။ ဒီလိုဘေးမဲ့တောတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့ ဒေသခံပြည်သူအားလုံး ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်ဖို့လည်း လိုအပ်ပါတယ်" ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ယမန်နှစ်ကလည်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကင်မရာထောင်ချောက် ၂၄ လုံးတပ်ဆင်၍ တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားမှုကိုစောင့်ကြည့်ခဲ့ရာ ဘင်္ဂလားကျား၊ မလေးရှားနှင့်ဟိမဝန္တာဝက်ဝံမျိုးစိတ်၊ ဆင်၊ အင်းကျား၊ ကြောင်မျိုးစိတ်၊ ပြောင်နှင့် ရှားပါးမျိုးစိတ် ၂၅ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည်သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာ့ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ရင်ဘတ်တွင် အဖြူရောင်ဗွီပုံသဏ္ဌာန်ရှိသည့် ဟိမဝန္တာဝက်ဝံနှင့် ရင်ဘတ်တွင်အဖြူရောင် ယူပုံသဏ္ဌာန်ရှိသည့် မလေးရှားဝက်ဝံမျိုးစိတ်နှစ်မျိုး ရှင်သန်ကျက်စားလျက်ရှိသည်။

ထို့ပြင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုး စိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၆ မျိုး တည်ရှိနေသည့် အပြင် တိုက်လိပ်အပါအဝင် မြန်မာနိုင်ငံတွင်သာတွေ့ရှိရသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များလည်း တည်ရှိနေသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၉၇၄ ခုနှစ် မေလတွင် သတ်မှတ်ခဲ့ပြီး ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

သစ္စာ(MNA)

ဓာတ်ပုံ-ထမံသီဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# “ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး တစ်တပ်တစ်အားဖြစ်စေမယ့်စွန့်ဦးတီထွင် MSME လုပ်ငန်းရှင်တွေ ပေါ်ထွန်းလာစေဖို့ ဒစ်ဂျစ်တယ်ကော်နာမှာ ထွန်းသစ်စနည်းပညာတွေကိုအသုံးပြုပြီး ပြသသွားမှာဖြစ်ပါတယ်”

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည် ဖြစ်သည်။**

**အဆိုပါပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

**ပြပွဲအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင်လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် Digital Corner ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ရပါသည်-**




**မေး။ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ Digital Corner ဆောင်ရွက်ထားရှိမှုနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ပြခန်းပေါင်း ၉၉ ခန်းရှိတဲ့အနက် ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းအမှတ် ၆ နဲ့ ၂၇ တို့မှာ ပြသသွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြခန်း ၂၇ မှာ Digital Corner (ဒစ်ဂျစ်တယ်ကော်နာ) ဆိုပြီး MSME ဖွံ့ဖြိုးတိုးတက်ဖို့ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးချဆောင်ရွက်မှုဆိုင်ရာ ပြကွက် ၁၆ ခုကို Naypyitaw State Polytechnic University အပါအဝင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်က တက္ကသိုလ် ကိုးခုက ဆရာနဲ့ကျောင်းသား ၃၆ ဦးက ပြသကြမှာဖြစ်ပါတယ်။

ဒီပြကွက် ၁၆ ခုမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကနေ ထုတ်ကုန်၊ ပို့ကုန်များဆိုင်ရာ(Smart Agriculture) ပြကွက် သုံးခု၊ ဒစ်ဂျစ်တယ်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ (e-Commerce) ပြကွက် သုံးခု၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆိုင်ရာ (e-Service) ပြကွက် ငါးခုနဲ့ MSME ကဏ္ဍကို ခြုံငုံတဲ့ပြကွက် ငါးခုတို့ပါဝင်ပြီး ဉာဏ်ရည်တုနည်းပညာ(AI) အပါအဝင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာတွေကိုအသုံးပြုထားတဲ့ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု (Digital Innovation) တွေနဲ့ လေ့လာကြည့်ရှုသူတွေ ရင်ထဲတစ်ခါတည်းစွဲသွားအောင် အသိပညာပေး ပြသသွားမှာ ဖြစ်ပါတယ်။

**မေး။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ဆုတွေကို Online Payment နဲ့ချီးမြှင့်မယ်လို့ သိရပါတယ်။ ဘယ်လိုပေးအပ်ချီးမြှင့်သွားမယ်ဆိုတာကိုပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုကျင်းပတဲ့ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားမှာ ဆုရရှိကြတဲ့ အသေးစား၊ အလတ်စားနဲ့ အငယ်စားစီးပွားရေးလုပ်ငန်းဆုတွေ၊ One Region One Product (OROP)၊ သမဝါယမထုတ်ကုန်၊ စားသောက်ကုန် စတဲ့ ဆုခြောက်မျိုးအတွက် ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်း ငွေကျပ်သိန်း ၇၅၀ ချီးမြှင့်ပေးအပ်ရာမှာ သမားရိုးကျ ငွေစက္ကူတွေကို ပေးအပ်မယ့်အစား လမ်းညွှန်မှုအရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ Digital Payment ကနေတစ်ဆင့် ဆုတွေကို ပေးအပ်နိုင်ဖို့အတွက် နည်းပညာပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆုရရှိသူအနေနဲ့ အရင်လို ငွေသားတွေကို လက်ခံရခြင်းမျိုးမဟုတ်ဘဲ Digital Payment Application ကနေ လက်ခံရရှိသွားမှာဖြစ်ပါတယ်။



**မေး။ နည်းပညာခေတ်ဖြစ်တဲ့အတွက် MSME လုပ်ငန်းဖွံ့ဖြိုးစေဖို့ AI နဲ့ပတ်သက်ပြီး ပြသမယ့်အစီအစဉ်တွေရှိရင်လည်း သိရှိလိုပါတယ်။**

**ဖြေ။** ဒီနေ့နည်းပညာခေတ်မှာ လူသားတွေရဲ့ နေ့စဉ်ဘဝ ကိစ္စအဝဝ လုပ်ရှားဆောင်ရွက်မှုတွေမှာဖြစ်စေ၊ ဌာနနဲ့ အဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာဖြစ်စေ ဒစ်ဂျစ်တယ်လွှမ်းမိုးမှုက သိသာကြီးမားစွာ သက်ရောက်မှုတွေရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်မှုတွေနဲ့အတူ ဉာဏ်ရည်တုနည်းပညာ(AI) အပါအဝင် ထွန်းသစ်စ နည်းပညာတွေရဲ့ တိုးတက်နေတဲ့ အရွေ့နှုန်းနဲ့အတူ လိုက်ပါအသုံးချနိုင်မှုကလည်း ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍကို စိုးမိုးလာနိုင်တာတွေ တွေ့ရပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် MSME ဖွံ့ဖြိုးတိုးတက်မှုက အခရာကျလှပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ သိသာစွာအားကောင်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ MSME လုပ်ငန်းတွေရဲ့ အရှိန်အဟုန်မြှင့်တင်ဖို့အတွက် ဒစ်ဂျစ်တယ်နည်းပညာအခင်းအကျင်းတွေကို ဖန်တီးအသုံးချပြီး လုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာပြခန်းမှာတော့ အမျိုးမျိုးသော MSME အကျိုးပြု ဉာဏ်ရည်တုနည်းပညာ(AI) အသုံးချပရိုဂရမ်တွေကို အသုံးပြုသွားမယ်။ ဒီလိုအသုံးပြုရင် MSME လုပ်ငန်းတွေကို ဘယ်လိုအကျိုးပြုနိုင်မယ်ဆိုတာ လက်တွေ့ပြသသွားမှာဖြစ်ပါတယ်။ ပြည်တွင်း MSME လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး AI မော်ဒယ်ရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ အကူအညီကို ပြည့်ဝစွာအသုံးပြုနိုင်ဖို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စံသတ်မှတ်ထားတဲ့ စာရင်းဇယားတွေလိုအပ်ခြင်း၊ တိကျမှန်ကန်တဲ့အချက်အလက်တွေကို ဒစ်ဂျစ်တယ်အသွင်နဲ့ ပုံမှန်ဖြည့်သွင်းဖို့လိုအပ်ခြင်း စတာတွေကို လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ MSME လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရေရှည်ဖြစ်ပေါ်လာမှုအခြေအနေတွေကို AI မော်ဒယ်တွေရဲ့ အကူအညီနဲ့ ခန့်မှန်းတွက်ချက်နိုင်မှုကိုလည်း လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။

**မေး။ ဒစ်ဂျစ်တယ်ကော်နာ ပြခန်းမှာ အများပြည်သူစိတ်ဝင်စားဖို့ ထူးထူးခြားခြား ဆောင်ရွက်မယ့်အစီအစဉ်တွေရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး တစ်တပ်တစ်အားဖြစ်စေမယ့်စွန့်ဦးတီထွင် MSME လုပ်ငန်းရှင်တွေ ပေါ်ထွန်းလာစေဖို့ ဒစ်ဂျစ်တယ်ကော်နာမှာ ထွန်းသစ်စနည်းပညာတွေကို အသုံးပြုပြီး ပြသသွားမှာဖြစ်ပါတယ်။

Digital Corner ပြခန်းမှာ လာရောက်တဲ့ ပြည်သူတွေအနေနဲ့ MSME နဲ့ဆက်စပ်ပြီး သိလိုတာတွေ ရှိရင်ဖြစ်ဖြစ်၊ လက်ရှိ MSME ဆောင်ရွက်နေသူတွေအတွက် အခက်အခဲတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေနဲ့ပဲဖြစ်ဖြစ် မေးမြန်းသိရှိနိုင်မယ့် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု Chat Bot မော်ဒယ်စနစ်ကိုလည်း ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။

ပြီးတော့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပုဂ္ဂလိကသို့ နည်းပညာလွှဲပြောင်းဆောင်ရွက်မှု (Technology Transfer)တွေ၊ နည်းပညာလွှဲပြောင်းပြီးတဲ့ စားသောက်ကုန်၊ လူသုံးကုန်နဲ့ပတ်သက်တဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ အစားအသောက် စမ်းသပ်စစ်ဆေးတဲ့ စက်ကိရိယာတွေ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ သုတေသနပြကွက်တွေ၊ စံချိန်စံညွှန်းနဲ့ပတ်သက်တဲ့ အသိပညာတွေ ဖြန့်ဝေရေးအတွက် စာအုပ်တွေကိုလည်း ပြသသွားမှာဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ MSME ဖွံ့ဖြိုးတိုးတက်လာစေဖို့ မြန်မာဒစ်ဂျစ်တယ် စီးပွားရေးမြေပုံ ၂၀၃၀ ပါ မဟာဗျူဟာမျှော်မှန်းချက်နဲ့ မဟာဗျူဟာရည်မှန်းချက်တွေ အောင်မြင်ပြည့်မီအောင် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မဟာဗျူဟာမဏ္ဍိုင်တွေအလိုက် ဆောင်ရွက်ထားရှိမှုတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာပြခန်းကို လာရောက်လေ့လာကြည့်ရှုခြင်းဖြင့် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးချပြီး MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိသွားမယ့်အပြင် နည်းပညာပိုင်း လွှဲပြောင်းပံ့ပိုးပေးဖို့ ချိတ်ဆက်ဆောင်ရွက်မှုစတဲ့အကျိုးကျေးဇူးတွေကို ရရှိမှာဖြစ်ပါတယ်။

**မေး။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ကျွန်တော်က ဖိတ်ကြားရေးဆပ်ကော်မတီမှာ ဥက္ကဋ္ဌတာဝန်ယူထားရတာဖြစ်လို့ ပြည်သူတွေ လာရောက်လေ့လာကြည့်ရှုကြပါလို့ ဖိတ်ခေါ်လိုပါတယ်။ လာရောက်ကြည့်ရှုကြတဲ့သူတွေအနေနဲ့လည်း ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာအပါအဝင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲရဲ့ ပြခန်းပေါင်း ၉၉ ခန်းကနေ တွေ့မြင်သိရှိလိုက်တဲ့ MSME ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဗဟုသုတတွေကို လုပ်ငန်းခွင်တွေ ပြန်ရောက်တဲ့အခါမှာ လုပ်ဖော်ကိုင်ဖက်တွေကို ပြန်လည်မျှဝေဖြန့်ဖြူးပေးကြပါ။ မိမိတို့ရဲ့လုပ်ငန်းတွေ၊ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ဆက်လက်အသုံးချဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခုလို ပြည်ထောင်စုအဆင့်ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကိုကျင်းပခြင်းဖြင့် ဒေသအသီးသီးက ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ပြသခွင့်ရရှိတဲ့အတွက် စီးပွားရေးချိတ်ဆက်မှု (Business Engagement)နဲ့ Supply Chain ကို ပိုမိုအားကောင်းစေနိုင်တဲ့အပြင် ဆန်းသစ်တီထွင်ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုတွေကနေတစ်ဆင့် ဒေသထွက် တန်ဖိုးမြှင့်ထုတ်ကုန်တွေကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ပြည်တွင်းဖူလုံစွာထုတ်လုပ်နိုင်မှုမှသည် နိုင်ငံတကာဈေးကွက်အထိပါ ထိုးဖောက်နေရာယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးတို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မှာဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME တင်မက အခြားကဏ္ဍများစွာကို အထောက်အကူပြုနိုင်မယ့် သိပ္ပံနဲ့နည်းပညာ၊ အင်ဂျင်နီယာပညာရပ်တွေကို သုတေသနပြုလုပ်ခြင်း၊ အရည်အသွေးပြည့်မီတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာ လိုအပ်ချက်တွေရှိရင်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ **တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း**

**ဓာတ်ပုံ-ကိုကြီးထိန်**

# ကျွန်ုပ်တို့ ယုံကြည်ချက်ခံယူချက် မှန်ကန်ကြရမည်

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

❒ စာပေ၊ ဗဟုသုတများကို မပြတ်ဖတ်ရှုလေ့လာနေသည့်အခါ အမှားနှင့်အမှန်ကို မှန်ကန်စွာ ပိုင်းခြားနိုင်သည့် ပညာအလင်းရောင် မြင့်မားလာ . . .

❒ ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ခံယူချက်များ အမြဲမှန်ကန်နေရေးအတွက် ပညာရှိသူတော်ကောင်းများ၏အဆုံးအမကိုခံယူခြင်း၊ စာပေဗဟုသုတများကိုမပြတ်လေ့လာခြင်း၊ စိတ်ကိုသတိဖြင့်ထိန်းချုပ်၍ ဖြူစင်အောင်ထားရှိခြင်း၊ အတွေ့အကြုံတိုင်းထံမှ သင်ခန်းစာထုတ်ယူခြင်း၊ လောကဖြစ်စဉ်များကို မှန်ကန်စွာသုံးသပ်ခြင်းဟူသော နည်းလမ်းငါးသွယ်ကို အစဉ်အမြဲ လိုက်နာဆောင်ရွက်နေကြရမည်ဖြစ် . . .

**နိုင်ငံသားများ၏ ယုံကြည်ချက်ခံယူချက်မှန်ကန်မှု**

နိုင်ငံတစ်နိုင်ငံ၏တည်ငြိမ်အေးချမ်းမှု၊ တိုးတက်ဖွံ့ဖြိုးမှုသည် နိုင်ငံသားများ၏ ယုံကြည်ချက်၊ ခံယူချက်အမျိုးအစားပေါ်တွင် အတိုင်းအတာတစ်ခုအထိမူတည်သည်။ နိုင်ငံသားများယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပါက နိုင်ငံတည်ငြိမ်အေးချမ်းသာယာသည်၊ တိုးတက်ဖွံ့ဖြိုးသည်။ နိုင်ငံသားများ ယုံကြည်ချက်၊ ခံယူချက်လွဲမှားပါက ထိခိုက်ဆုတ်ယုတ်မှုအမျိုးမျိုးကို တွေ့ကြုံခံစားရသည်။ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်သော နိုင်ငံသားများသည် အမိနိုင်ငံအပေါ် ရယူလိုသူအဖြစ်မရပ်တည်ဘဲ ပေးဆပ်သူအဖြစ်ရပ်တည်သည်။ နိုင်ငံ၏ကောင်းကျိုးအတွက် မိမိဘဝကိုအသုံးချပြီး နိုင်ငံတိုးတက်အောင်မြင်ရေး၊ ဘေးအန္တရာယ်ကင်းရေးအတွက် စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုအမျိုးမျိုးကိုပြုလုပ်သည်။ နိုင်ငံအပေါ် အမြဲငဲ့ညှာထောက်ထားပြီး စောင့်သိရမည့်သစ္စာ၊ ကျေပွန်ရမည့်ဝတ္တရား၊ ပေးဆပ်ရမည့် ကျေးဇူးတရားများကို ကျေပွန်စွာပေးဆပ်သည်။ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းသာယာသည်၊ တိုးတက်ဖွံ့ဖြိုးသည်။ ယုံကြည်ချက်၊ ခံယူချက်လွဲမှားနေသော နိုင်ငံသားများသည် အမိနိုင်ငံအပေါ် ရယူလိုသူအဖြစ် ရပ်တည်သည်။ မိမိအတ္တကိုယ်ကျိုးအတွက် နိုင်ငံကိုအသုံးချသည်။ နိုင်ငံထိခိုက်စေမည့် အရာမှန်သမျှကို တက်ကြွစွာကြိုးပမ်းဆောင်ရွက်သည်။ နိုင်ငံအပေါ် ငဲ့ညှာထောက်ထားခြင်းမရှိဘဲ စောင့်သိရမည့်သစ္စာ၊ ကျေပွန်ရမည့်ဝတ္တရား၊ ပေးဆပ်ရမည့်ကျေးဇူးတရားများကို ဖောက်ဖျက်သည်။ ထို့ကြောင့်နိုင်ငံထိခိုက်ဆုတ်ယုတ်သည်၊ ဒုက္ခအမျိုးမျိုးကို ကြုံတွေ့ခံစားရသည်။ နိုင်ငံသားတိုင်းသည် မိမိတို့၏ယုံကြည်ချက်၊ ခံယူချက်နှင့်လျော်ညီသော ဘဝအခြေအနေ၊ မိမိတို့၏ယုံကြည်ချက်၊ ခံယူချက်နှင့် လျော်ညီသောနိုင်ငံမျိုးကို ပိုင်ဆိုင်ရစမြဲဖြစ်သည်။ ဤအချက်ကို နှလုံးသွင်းဆင်ခြင်ပြီး မှန်ကန်သောနည်းလမ်းများဖြင့် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များကို တည်ဆောက်နေကြရမည်။ သို့မှသာ တည်ငြိမ်အေးချမ်းတိုးတက်အောင်မြင်သောဘဝနှင့် တည်ငြိမ်အေးချမ်းတိုးတက်အောင်မြင်သော နိုင်ငံမျိုးကို ကျွန်ုပ်တို့ပိုင်ဆိုင်ကြမည်။

**ယုံကြည်ချက်၊ ခံယူချက်မှန်ကန်စေမည့်နည်းလမ်းများ**

ယုံကြည်ချက်၊ ခံယူချက်မှန်ကန်စေမည့်နည်းလမ်းများရှိသည်။ ယင်းနည်းလမ်းများထဲမှအဓိကနည်းလမ်းငါးမျိုးကိုဖော်ပြလိုသည်။ ယင်းနည်းလမ်းငါးမျိုးကို သိနေရုံဖြင့်မပြီးဘဲ အမှန်တကယ်လက်တွေ့လိုက်နာကျင့်သုံးနေရမည်။ ဤသို့ သိလည်းသိ၊ အမှန်တကယ်လည်းကျင့်ကြံအားထုတ်နေမှသာ မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြစ်ပေါ်လာမည်ဖြစ်သည်။ ယင်းနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ပညာရှိသူတော်ကောင်းအဆုံးအမကို ခံယူခြင်း**

ပညာရှိသူတော်ကောင်းများထံ ဆည်းကပ်ပြီး အဆုံးအမတရားများကို အမြဲနာယူနေခြင်းသည် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ကိုဖြစ်ပေါ်စေသည်။ ပညာရှိသူတော်ကောင်းများထံလည်း ဆည်းကပ်ပြီး အဆုံးအမတရားများကိုအမြဲနာယူသည့်အခါ မှန်ကန်သောအသိဖြစ်ပေါ်လာသည်။ အဘယ်ကြောင့်ဆိုသော် ပညာရှိသူတော်ကောင်းများ၏ အဆုံးအမတရားများသည် အမှန်တရားများဖြစ်ကြသောကြောင့် ဖြစ်သည်။ ဤသို့မှန်ကန်သောအသိဖြစ်ပေါ်လာမှုကြောင့် မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆဖြစ်ပေါ်လာသည်။ မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆကြောင့် မှန်ကန်သောစဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှန်ကန်သောစဉ်းစားဆင်ခြင်မှုကြောင့် မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာမှုကြောင့် ဖြစ်ပေါ်လာသောယုံကြည်ချက်နှင့်အညီ မှန်ကန်သောခံယူချက်ဖြစ်ပေါ်လာသည်။ ဤသဘောကို နှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ခံယူချက်များအမြဲမှန်ကန်နေရေးအတွက် ပညာရှိသူတော်ကောင်းများထံ မပြတ်ဆည်းကပ်ပြီး အဆုံးအမတရားများကို အစဉ်နာယူနေကြရမည်။ သတိပြုရမည့်အချက်မှာ ပညာမဲ့လူမိုက်များထံဆည်းကပ်ပြီး အမှားတရားများကိုနာယူနေပါက မှားယွင်းသောယုံကြည်ချက်၊ ခံယူချက်များ မလွဲမသွေဖြစ်ပေါ်လာမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**စာပေ၊ ဗဟုသုတများကို မပြတ်လေ့လာခြင်း**

စာပေ၊ ဗဟုသုတများကို မပြတ်လေ့လာခြင်းသည် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ကိုဖြစ်ပေါ်စေသည်။ စာပေ၊ ဗဟုသုတများကို မပြတ်ဖတ်ရှုလေ့လာနေသည့်အခါ အမှားနှင့်အမှန်ကို မှန်ကန်စွာပိုင်းခြားနိုင်သည့် ပညာအလင်းရောင်မြင့်မားလာသည်။ ပညာအလင်းရောင်မြင့်မားလာမှုကြောင့် မှန်ကန်သောအသိများဖြစ်ပေါ်လာသည်။ မှန်ကန်သောအသိကြောင့် မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆဖြစ်ပေါ်လာသည်။ မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သော အယူအဆကြောင့် မှန်ကန်သောစဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှန်ကန်သောစဉ်းစားဆင်ခြင်မှုကြောင့် မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာမှုကြောင့် ဖြစ်ပေါ်လာသောယုံကြည်ချက်နှင့်အညီ မှန်ကန်သောခံယူချက်ဖြစ်ပေါ်လာသည်။ ဤသဘောကို နှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့၏ယုံကြည်ချက်များ၊ ခံယူချက်များ အမြဲမှန်ကန်နေရေးအတွက် စာပေ၊ ဗဟုသုတများကို မပြတ်ဖတ်ရှုလေ့လာနေရမည်။ သတိပြုရမည့်အချက်မှာ စာပေ၊ ဗဟုသုတများကို မဖတ်ရှုဘဲ မကောင်းမှုတရားအမျိုးမျိုးကို ပျော်မွေ့နေပါက မှားယွင်းသောယုံကြည်ချက်၊ ခံယူချက်များ မလွဲမသွေဖြစ်ပေါ်လာမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**စိတ်ကိုသတိဖြင့်ထိန်းချုပ်၍ ဖြူစင်အောင်ထားရှိခြင်း**

စိတ်ကိုသတိဖြင့် အချိန်တိုင်းထိန်းချုပ်ထားခြင်းသည် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ကို ဖြစ်ပေါ်စေသည်။ စိတ်ကိုသတိဖြင့် အချိန်တိုင်းထိန်းချုပ်ထားသည့်အခါ စိတ်အတွင်းသို့ အလောဘ၊ အဒေါသ၊ အမောဟ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသည့် ကောင်းမှုစိတ်စေတသိက်များဝင်ရောက်လာသည်။ ကောင်းမှုစိတ်စေတသိက်များဝင်ရောက်လာမှုကြောင့် စိတ်တည်ငြိမ်ပြီး သမာဓိစွမ်းအားမြင့်မားလာသည်။ သမာဓိစွမ်းအားမြင့်မားလာမှုကြောင့် ဉာဏ်စဉ်မြင့်မားလာသည်။ ဉာဏ်စဉ်မြင့်မားလာမှုကြောင့် မှန်ကန်သောအသိဖြစ်ပေါ်လာသည်။ မှန်ကန်သောအသိကြောင့် မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆဖြစ်ပေါ်လာသည်။ မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆကြောင့် မှန်ကန်သော စဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှန်ကန်သောစဉ်းစားဆင်ခြင်မှုကြောင့် မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာမှုကြောင့် ဖြစ်ပေါ်လာသောယုံကြည်ချက်နှင့်အညီ မှန်ကန်သောခံယူချက်ဖြစ်ပေါ်လာသည်။ ဤသဘောကို နှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ခံယူချက်များ အမြဲမှန်ကန်နေရေးအတွက် စိတ်ကိုအချိန်တိုင်း သတိဖြင့် ထိန်းချုပ်နေကြရမည်။ သတိပြုရမည့်အချက်မှာ စိတ်ကိုသတိဖြင့် အချိန်တိုင်းထိန်းချုပ်မထားပါက စိတ်အတွင်းသို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စသည့်မကောင်းမှု စိတ်စေတသိက်များဝင်ရောက်လာပြီး သမာဓိပျက်ယွင်းလာသည်။ သမာဓိပျက်ယွင်းမှုကြောင့် ဉာဏ်စဉ်ပျက်ပြီး မှားယွင်းသောအသိဖြစ်ပေါ်လာသည်။ မှားယွင်းသောအသိဖြစ်ပေါ်လာမှုကြောင့် မှားယွင်းသောယုံကြည်ချက်များ၊ ခံယူချက်များ မလွဲမသွေဖြစ်ပေါ်လာမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**အတွေ့အကြုံတိုင်းထံမှ သင်ခန်းစာထုတ်ယူခြင်း**

အတွေ့အကြုံတိုင်းထံမှ ဘဝသင်ခန်းစာများကို ထုတ်ယူခြင်းသည် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်ကို ဖြစ်ပေါ်စေသည်။ အတွေ့အကြုံဆိုရာ၌ အတွေ့အကြုံသုံးမျိုးရှိသည်။ ယင်းတို့မှာ ကိုယ်တွေ့အတွေ့အကြုံ၊ စာတွေ့အတွေ့အကြုံ၊ သူတစ်ပါးအတွေ့အကြုံ စသည်တို့ဖြစ်ကြသည်။ မည်သည့်အတွေ့အကြုံမျိုးတွင်မဆို ဘဝသင်ခန်းစာများရှိနေစမြဲဖြစ်သည်။ အတွေ့အကြုံတိုင်းကို မိမိ၏အစွန်းရောက်အစွဲဖြင့် ဆင်ခြင်သုံးသပ်ခြင်းမပြုဘဲ အဆုံးအမတရားများဖြင့် ဓမ္မဓိဋ္ဌာန်ကျကျဆင်ခြင်သုံးသပ်ပါက ဘဝသင်ခန်းစာ သို့မဟုတ် မှန်ကန်သောအသိကိုထုတ်ယူရရှိသည်။ မှန်ကန်သောအသိဖြစ်ပေါ်လာမှုကြောင့် မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သော အယူအဆဖြစ်ပေါ်လာသည်။ မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆကြောင့် မှန်ကန်သော စဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှန်ကန်သော စဉ်းစားဆင်ခြင်မှုကြောင့် မှန်ကန်သော ယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှန်ကန်သော ယုံကြည်ချက်ဖြစ်ပေါ်လာမှုကြောင့် ဖြစ်ပေါ်လာသော ယုံကြည်ချက်နှင့်အညီ မှန်ကန်သောခံယူချက်ဖြစ်ပေါ်လာသည်။ ဤသဘောကို နှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ခံယူချက်များ အမြဲမှန်ကန်နေရေးအတွက် အတွေ့အကြုံတိုင်းထံမှ ဘဝသင်ခန်းစာများကိုထုတ်ယူနေကြရမည်။ သတိပြုရမည့်အချက်မှာ အတွေ့အကြုံတိုင်းကို အဆုံးအမတရားများဖြင့် ဓမ္မဓိဋ္ဌာန်ကျကျဆင်ခြင်သုံးသပ်ခြင်း မပြုဘဲ မိမိ၏အစွန်းရောက်အစွဲများဖြင့် ဆင်ခြင်သုံးသပ်ပါက မှားယွင်းသောယုံကြည်ချက်၊ ခံယူချက်များမလွဲမသွေဖြစ်ပေါ်လာမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**လောကဖြစ်စဉ်များကို မှန်ကန်စွာသုံးသပ်ခြင်း**

လောကနှင့်ပတ်ဝန်းကျင်ကြီးတွင် ဖြစ်ပျက်နေသည့် ဖြစ်စဉ်များကို အဆုံးအမတရားများဖြင့် ဓမ္မဓိဋ္ဌာန်ကျကျဆင်ခြင်သုံးသပ်နေခြင်းသည် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ကိုဖြစ်ပေါ်စေသည်။ လောကနှင့်ပတ်ဝန်းကျင်ကြီးတွင် ဖြစ်ပေါ်နေသော ဖြစ်စဉ်မှန်သမျှသည် သူ့အလိုအလျောက်ဖြစ်ပေါ်လာခြင်းမဟုတ်ကြချေ။ အကြောင်းတရားတစ်ခု သို့မဟုတ် အကြောင်းတရားအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ လောကဖြစ်စဉ်များကို သတိ၊ ပညာဖြင့် ဓမ္မဓိဋ္ဌာန်ကျကျဆင်ခြင်သုံးသပ်သည့်အခါကြောင်းကျိုးဆက်နွယ်မှုနိယာမကို ဖော်ထုတ်သိရှိလာသည်။ ဤသို့ကြောင်းကျိုးနိယာမကို ဖော်ထုတ်သိရှိလာခြင်းသည် မှန်ကန်သောအသိဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းသို့ ဖော်ထုတ်သိရှိလာသောအသိကြောင့် မှန်ကန်သောအမြင်သို့မဟုတ်မှန်ကန်သော အယူအဆဖြစ်ပေါ်လာသည်။ မှန်ကန်သောအမြင် သို့မဟုတ် မှန်ကန်သောအယူအဆကြောင့် မှန်ကန်သော စဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှန်ကန်သော စဉ်းစားဆင်ခြင်မှုကြောင့် မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှန်ကန်သောယုံကြည်ချက် ဖြစ်ပေါ်လာမှုကြောင့် ဖြစ်ပေါ်လာသော ယုံကြည်ချက်နှင့်အညီ မှန်ကန်သောခံယူချက်ဖြစ်ပေါ်လာသည်။ ဤသဘောကို နှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့၏ ယုံကြည်ချက်၊ ခံယူချက်များ အမြဲမှန်ကန်နေရေးအတွက် လောကဖြစ်စဉ်များကို အဆုံးအမတရားများဖြင့် ဓမ္မဓိဋ္ဌာန်ကျကျဆင်ခြင်သုံးသပ်နေကြရမည်။ သတိပြုရမည့်အချက်များ လောကဖြစ်စဉ်များကို အဆုံးအမတရားများဖြင့် ဓမ္မဓိဋ္ဌာန်ကျကျဆင်ခြင်သုံးသပ်ခြင်းမပြုဘဲ အစွန်းရောက် အတ္တစွဲအမျိုးမျိုးဖြင့် ဆင်ခြင်သုံးသပ်နေပါက မှားယွင်းသောယုံကြည်ချက်၊ ခံယူချက်များ မလွဲမသွေဖြစ်ပေါ်လာမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

**ကျွန်ုပ်တို့ယုံကြည်ချက်၊ ခံယူချက်မှန်ကန်နေမှသာ**

နိဂုံးချုပ်အနေဖြင့်ဖော်ပြလိုသည်မှာ ကျွန်ုပ်တို့လူ့လောကကြီးထဲသို့ရောက်ရှိလာသည်မှာ တည်ငြိမ်အေးချမ်းသောဘဝမျိုးကို ရယူပိုင်ဆိုင်ရန်နှင့် အမိနိုင်ငံအား တည်ငြိမ်အေးချမ်းတိုးတက်ဖွံ့ဖြိုးသောနိုင်ငံအဖြစ်တည်ဆောက်ပေးရန်ဖြစ်သည်။ ဤတာဝန်နှစ်ရပ်ကို ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ခံယူချက်များမှန်ကန်နေမှသာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်၊ ခံယူချက်များ အမြဲမှန်ကန်နေရေးအတွက် ပညာရှိသူတော်ကောင်းများ၏အဆုံးအမကို ခံယူခြင်း၊ စာပေဗဟုသုတများကိုမပြတ်လေ့လာခြင်း၊ စိတ်ကိုသတိဖြင့်ထိန်းချုပ်၍ ဖြူစင်အောင်ထားရှိခြင်း၊ အတွေ့အကြုံတိုင်းထံမှ သင်ခန်းစာထုတ်ယူခြင်း၊ လောကဖြစ်စဉ်များကို မှန်ကန်စွာသုံးသပ်ခြင်းဟူသော နည်းလမ်းငါးသွယ်ကို အစဉ်အမြဲ လိုက်နာဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း အလေးအနက်အကြံပြုအပ်ပါသည်။ ။





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

➤ **ကျောဖုံးမှအဆက်**

နှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၄ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၂၁၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၉ ဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၃၅ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ ခွဲစိတ်ပါရဂူ၊ ကလေးပါရဂူ၊ မေ့ဆေးပါရဂူနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ဟိုင်းကြီးကျွန်းမြို့နယ်၊ မောင်ပါကျေးရွာနေ ဦးမောင်မောင်ကြည်၏ ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းအေးကို မွန်းလွဲ ၂ နာရီ ၃၂ မိနစ်တွင် ၆ ပေါင် ၃ အောင်စရှိ သမီးတစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သမိုင်းမှတ်တမ်းတွင် ၂၂ ဦးမြောက်အဖြစ်အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ ခွဲစိတ်ပါရဂူ၊ ကလေးပါရဂူ၊ မေ့ဆေးပါရဂူနှင့်အဖွဲ့က ဟိုင်းကြီးကျွန်းမြို့ရှိတပ်မတော်ဆေးရုံ၌ ဟိုင်းကြီးကျွန်းမြို့နယ်၊ မောင်ပါကျေးရွာနေ ဦးမောင်မောင်ကြည်၏ ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းအေးကို ၆ ပေါင် ၃ အောင်စရှိ သမီးတစ်ဦးအား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးစဉ်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်–

“ကျွန်တော်ကတော့ ခန္ဓာကိုယ်အဆီအကျိတ်တွေကိုလာပြတာပါ။ ဒီမှာပါရဂူတွေ ကိုယ်တိုင်လာပြီးတော့ ထိထိရောက်ရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့အားလုံးအဆင်ပြေကြပါတယ်။ ရောဂါကြီးသမားတွေ အထွေထွေရောဂါပြသသူများ အဝေးမသွားရဘဲ ဒီမှာတင်ပြသကုသခွင့်ရတဲ့အတွက် အားလုံးအဆင်ပြေချောမွေ့ပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့် လာရောက်ကုသပေးတဲ့ ဆရာဝန်များ၊ ဆရာ/ဆရာမများအားလုံးကိုလည်းအထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဝမ်းသာပီတိဖြစ်ရပါတယ်”ဟု ပြောသည်။

“မရမ်းကွင်းကပါ။ မျက်စိလာပြတာပါ၊ ဆရာဝန်က ပုသိမ်သွားပြီး မျက်မှန်လုပ်ဖို့ ပြောပါတယ်၊ အရင်ကလည်းမျက်စိပြဖူးပါတယ်၊ အခုတော်တော် အဆင်ပြေသွားပါပြီ၊ မျက်စိလည်းအရင်ထက်ကြည့်ရတာပိုကောင်းသွားတယ်၊ အထူးကိုပဲ ကျေးဇူးတင်ပါတယ်၊ ဒီမှာထမင်းလည်း ကျွေးတယ်၊ ကားခကအစ လမ်းစရိတ်အကုန်စရိတ်ငြိမ်းလုပ်ပေးတာပါ၊ ဒါကြောင့်မို့ ကျွန်မတို့က ကျေးဇူးတင်ပါတယ်၊ ဒီဆေးသင်္ဘောလာမယ်ဆိုတာက လူကြီးက ဖုန်းဆက်ပြီး အကုန်ပြောပေးတယ်၊ အဲ့တော့ သားတွေကိုပြောတယ်၊ ဆရာဝန်တွေ ပါရဂူတွေရောက်မယ်လို့ဆိုပြီးလာပြတာ မနေ့ကပဲလာသေးတယ်။ သင်္ဘောက မရောက်သေးလို့ ဒီနေ့ထပ်လာပြတာပါ၊ သင်္ဘောဆိုက်တော့ ကားနဲ့အလကားလာကြိုပေးတယ်၊ ထမင်းကျွေးတဲ့သူတွေရော လာကုပေးကြတဲ့ ဆရာဝန်တွေရော ဆရာ၊ဆရာမတွေ အကုန်လုံးကိုကျေးဇူးတင်ပါတယ်”ဟု ပြောသည်။ (၁၀၀)





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။








● ရွှေဖုံးမှအဆက်

သြဝါဒါစရိယဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနိယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလာဓမ္မဇောတိကဓဇ ထေရဝါဒ ဗုဒ္ဓသာသနဇောတိက ဒေါက်တာ ဘဒ္ဒန္တဝံသသီရိနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်တို့က မင်္ဂလာမုခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်လွှတ်ခြင်းနှင့် ငါးလွှတ်ခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်နေပြည်တော်ပျဉ်းမနားမြို့ အောင်စည်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိစက္ခဏနှင့် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဝံသသီရိ အမှူးပြုသော ဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ (ခြေတော်ရာ) အလင်းပေါက် ဖန်အုပ်ဆောင်းတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာ ပါဒစေတီတော်မြတ် သံတံခါးအား ဖွင့်လှစ်ပေးခြင်းများဆောင်ရွက်ခဲ့ကြပြီးနောက် နမ္မဒါရေစင်နှင့် အမွှေးနံ့သာရည်များသွန်းဖျန်း၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ပင့်ဖိတ်ထားသော သြဝါဒါ



စရိယဆရာတော်ကြီးများက ဗုဒ္ဓပါဒစေတီတော်(ခြေတော်ရာ)နှစ်ဆူနှင့် အောက်စက်တော်ရာ(ခြေတော်ရာ)အနီးရှိဘုရား ဝတ္တကနယ်မြေ၌ အသစ်တည်ထားကိုးကွယ်သော ဆုတောင်းပြည့်လိုတရ နမ္မဒါနဂါးရုံဘုရားအား ဗုဒ္ဓါဘိသေကအနေကဇာတင် ဘိသိက်သွန်းတော်မူသည်။

ယင်းနောက် မန်းရွှေစက်တော်ဘုရား သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်၌ (၂၅၉၁)ကြိမ်မြောက် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒစေတီတော်နှစ်ဆူ ဖွင့်လှစ်ပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ် ဒါနသီလဘာဝနာကုသိုလ်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက သြဝါဒါစရိယဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က) အဆင့်စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားပြီး ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော်ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ)ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ ညအိပ်တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင် အခန်းပေါင်း ၃၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၃၅၀ ခန့်ကို ဆောက်လုပ်ပေးထားပြီး ယခုအခါ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။ **မောင်မောင်(မင်းဘူး)**



# ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများတိုက်ရိုက်ရောင်းချပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ်မြောက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းသည် ဆေးဝါး သုံးစွဲသူပြည်သူများ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ဆေးဝါးများမပြတ်လပ်စေရေးအတွက်ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ဖေဖော်ဝါရီလ ၃ ရက် **(ယနေ့)**မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိမြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဆောက်အအုံ၌ ဆေးဝါးများ တိုက်ရိုက်ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါ ဆေးဝါးများတိုက်ရိုက်ရောင်းချပေးရာတွင် ဆေးကုမ္ပဏီ ၆၁ ခုမှ ဆေးဝါးမျိုးစုံပါဝင်ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ဆေးဝယ်ယူရာ၌ ဝယ်ယူမရရှိခြင်းများနှင့် အခြားသောအခက်အခဲများ ရှိနိုင်ခြင်းတို့အပြင် ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသော အလားတူဆေးဝါးများအား စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့် ဆေးဝါးနားလည်ကျွမ်းကျင်သူများအား ထားရှိကာ ဝန်ဆောင်မှုပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

ထို့အတူ ဖေဖော်ဝါရီလ တတိယပတ်အတွင်း၌ ပဲခူးတိုင်းဒေသကြီး အရောင်းစင်တာကိုလည်း ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများပြုလုပ်သွားမည်ဖြစ်ရာ ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများအား အဆိုပါဆေးဝါးအရောင်းစင်တာများ၌ လေ့လာကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းအနေဖြင့် ဆေးဝါးတိုက်ရိုက်ရောင်းချပွဲများအား ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့်ဖေဖော်ဝါရီလတို့တွင် ပထမအကြိမ်အဖြစ် ရန်ကုန်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ အရောင်းစင်တာများဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

# ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကြည့်ရှုအားပေး

စစ်တွေ ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ခာတ်စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဝန်ထမ်းများအား အခြေခံစားကုန်နှင့်သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ခာတ်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြသည်၊ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်ဓမ္မာရုံ၌ လက်ဝဲသလုံးတော်ခာတ်စေတီတော်မြတ်အား ထီးတော်တင်လှူနိုင်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး စေတီတော်တွင်ဆီမီးပူဇော်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်အနီးပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုကြကာ ကန်တော်ကြီး၌ ဇီဝိတဒါနအဖြစ် ငါးလွှတ်ကုသိုလ်ကောင်းမှုပြုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်အောင်ဇေယျာသုခမင်္ဂလာစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြကာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့သည် ဝန်ထမ်းများအား ရောင်းချပေးမည့် အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များခင်းကျင်းထားရှိမှုကိုလှည့်လည်ကြည့်ရှုအားပေးပြီး ဈေးဝယ်ရန်ရောက်ရှိလာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ အလားတူ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။



ဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့်ဈေးရောင်းချပေးရာတွင်အခြေခံစားသုံးကုန်များဖြစ်သည့် ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်၊ မုန်လာဥ၊ ငရုတ်သီးစိမ်း၊ ကြက်ဟင်းခါးသီး၊ မြေထောက်ပဲ၊ ကန်စွန်းဥ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပဲသီး၊ နံနံ၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ ကြက်ဥ၊ ဘူးသီးနှင့် ပြောင်းဖူး စသည့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးခြင်းဖြစ်ပြီး သား၊ ငါးအနေဖြင့် ကြက်သား၊ ဝက်သားနှင့် ငါး၊ ပုစွန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

■ **လားဟူတိုင်းရင်းသားမှ**



ထင်းရှူးပင်များ အဖူးဖူးသည့်အချိန်၊ ချယ်ရီ၊ မက်မန်း၊ မက်မွန်ပင်များ အပွင့်ပွင့်သည့်အချိန်တွင်ကျင်းပသည်။

ရှေးအစဉ်အဆက်က လားဟူနှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာဒေသအလိုက် ပျော်ရွှင်စွာကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို နှစ်သစ်ကူးပွဲတော်တွင် စုပေါင်းပါဝင်လှူဒါန်းကြကြောင်း၊ ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထင်းရှူးပင်ကို ဝိုင်းပတ်ပြီး ယင်းတို့၏အထိမ်းအမှတ် ဘူးပလွေများဖြင့်တီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြကာ ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် ပြစ်မှားမိသော အပြစ်များရှိပါက ခွင့်လွှတ်ပေးကြပါရန် အပြစ်များကိုဆေးကြောပေးရန်၊ သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာပြုလုပ်ခံယူသော ပွဲတော်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် (၄၁)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသား စုပေါင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ကတ်ဇင်ကျေးရွာ၌ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ထက် အမှာစကားပြောကြားပြီး စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီသို့ နှစ်သစ်ကူးလက်ဆောင်ပေးအပ်သည်။ ထို့နောက် စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ(ကိုယ်စား) ဦးကျာလယ်စိုးက နှစ်သစ်မင်္ဂလာကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လားဟူတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လက်ဆေးမင်္ဂလာပွဲကျင်းပသည်။ ယင်းနောက် လားဟူတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအကတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပွဲတော်လာရောက်လည်ပတ်သူများက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြပြီး လားဟူတိုင်းရင်းသားများနှင့်အတူ ဘူးပလွေများတီးမှုတ်၍ ထင်ရှားသောမြေဝိုင်းအကတွင် စုပေါင်းပါဝင်ဂုဏ်ပြုဆင်နွှဲကြသည်။

လားဟူတိုင်းရင်းသားလူမျိုးများသည် ယခုအချိန်တွင် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပျံ့နှံ့နေထိုင်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့၌ အများဆုံးနေထိုင်လျက်ရှိပြီး လားဟူမျိုးနွယ် ၃၀ ခန့်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

---

## မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ပြည် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ စက်သုံးဆီဆိုင် အရောင်းဆိုင်များ၌ မီးလောင်မှုမဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားမှုရှိ/မရှိအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူနှင့်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးက စက်သုံးဆီအရောင်းဆိုင်များမှ မန်နေဂျာနှင့်ဝန်ထမ်းများအား မီးလောင်မှုမဖြစ်ပေါ်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့်နည်းလမ်းများနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားပြီး တပ်ဖွဲ့ဝင်များက မိန်းပလတ်ခုံနှင့် လျှပ်စစ်မီးကြိုးများသွယ်တန်းထားမှုအခြေအနေ၊ မီးချိတ်/မီးကပ်၊ သဲပုံး/ရေပုံးနှင့် မီးသတ်ဆေးဘူးများ စနစ်တကျချိတ်ဆွဲထားရှိမှု ရှိ/မရှိအခြေအနေနှင့် ဆီသိုလှောင်ကန်များထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြုပြင်ရန်လိုအပ်သည်များကိုဆောင်ရွက်ရန် မှာကြားခဲ့ပြီး ပြည်မြို့နယ်တွင် လင်းရောင်ခြည်၊ New Day၊ အဏ္ဏဝါထွန်း(၂)နှင့် သမာဓိသုခ အပါအဝင် စက်သုံးဆီအရောင်းဆိုင်ပေါင်း ၂၃ ဆိုင်ရှိကြောင်းသိရသည်။

**ကိုဆက်(ပြန်/ဆက်)**

---

## ၂-၂-၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ခတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ

### အင်္ဂလန်ပရီးမီးယားလိဂ်

| | | |
|---|---|---|
| ဝုလ်ဗ် | ၂ - ၀ | ဗီလာ |
| ဘရန့်ဖို့ | ၀ - ၂ | စပါး |
| မန်ယူ | ၀ - ၂ | ပဲလေ့ |

### စပိန်လာလီဂါ

| | | |
|---|---|---|
| အေတီကို | ၂ - ၀ | မာယော့ကာ |
| အက်စပန်ညို | ၁ - ၀ | ရီးယဲလ် |
| ဘာစီလိုနာ | ၁ - ၀ | အလာဗက် |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kalay Township grows more than 1,300 acres of vegetables this year

KALAY February 2

Kalay Township Agriculture Department of Sagaing Region stated that local farmers have planted 1,360 acres of vegetables this cold season.

Local authorities earmarked 9,121 acres of vegetables in Kalay Township this winter but local farmers have planted 1,360 acres of vegetables against the target cultivation.

U Naing Win Tun, Head of Kalay Township Agriculture Department, said: "We planned to grow more than 9,000 acres of vegetables this cold season but local farmers have planted more than 1,000 acres of vegetables. They emphasize cultivation of mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage. We urge local farmers to use GAP system for production of quality vegetables with least chemical residues."

This year, the department raised farmer awareness to grow crops with least chemical residue for healthy products and expand their sown acreage.

Moreover, officials of Township Agriculture Department disseminate agricultural knowledge to local farmers to use correct agricultural techniques, prevent pests and make natural fertilizers and pests for reducing farming charges. **SK**



# Labutta Township ships 76,000 viss clams to Yangon market



LABUTTA February 2

Local merchants and fishermen from Labutta Township of Ayeyawady Region sent 76,000 viss of clam to Yangon market said Daw Thin Hlaing, the owner of fishery product commodity centre in Labutta Township.

They send sea clams captured naturally to Yangon market. In November 2024, they sold 49,000 viss of clam to Yangon, compared to 76,000 viss in December.

Daw Thin Hlaing remarked: "As sea food, clams are in high demand at domestic markets. Merchants sent larger volume of clams in December than November 2024. They emphasize sale of sea clams to Yangon market. Now, high trading of clams contribute to creation of job opportunities for local fishermen and to earn increased incomes."

Fishery entrepreneurs in Labutta Township process sea food such as fish, shrimps and clams in systematic packaging to be sent to Yangon market which is a focal point to distribute fishery products to other regions and states. **SK**

# Indaw Township harvests over 55,000 acres of rain-fed paddy

INDAW February 2

A total of 55,795 acres of rain-fed paddy planted in this year's rainy season in Indaw Township, Katha District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Indaw Township.

It is reported that 55,795 acres of rain-fed paddy were planted in Indaw Township during the rainy season planting this year, and the cultivated rain-fed paddy fields were harvested from October 2024 until today, yielding 76.61 baskets per acre.

"We have provided the necessary technology and varieties of rain-fed paddy cultivation. We have provided field work so that the farmers can plant rain-fed paddy on time," said U Thein Khaing, head of the Department of Agriculture for Indaw Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers have cooperated with each other to ensure proper planting of rain-fed paddy without any difficulty.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in Indaw Township. **SMK**

# Katha District plants more than 1,000 acres of onions in cold season

KATHA February 2

The statistics of Katha District Agriculture Department stated that a total of 1,315 acres of onion has been planted in Katha District of Sagaing Region this year.

In 2024-2025 cold season, local authorities earmarked cultivation of 1,700 acres of onion in the district. But, local farmers planted 1,315 acres of onion starting from October 2024.

U Myint Soe, Head of Katha District Agriculture Department explained: "This year, farmers have planted 1,315 acres of onion against the target of 1,700 acres in Katha District. They are trying hard to meet the target cultivation. Our department helped local farmers with creation of market linkages for sale of onion to fetch good prices."

In Katha District, Katha Township planted 110 acres of onion, Indaw Township 90 acres, Htigyaing Township 1,028 acres and Bamauk Township, 87 acres, totalling 1,315 acres.

With regard to cultivation plans, Katha Township authorities earmarked 110 acres of onion, Indaw Township 300 acres, Htigyaing Township 730 acres and Bamauk Township 560 acres, totalling 1,700 acres.

Officials from relevant Agriculture Departments create links of market shares for local farmers, provide agricultural techniques and produce quality crops.

Farmers need to spend some Ks-1.8 million per acre of growing onion, yielding 5,000 viss per acre.

The townships where the largest sown acreage of onions are located in Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. **SMK**

# State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# More than 1,600 acres of croplands placed under green gram in Katha District

KATHA February 2

Katha District Department of Agriculture stated that a total of 1,600 acres of green gram in Katha District of Sagaing Region this cold season.

Local authorities plan to grow 2,000 acres of green gram this cold season but local farmers have planted 1,600 acres of crops.

U Myint Soe, Head of Katha District Department of Agriculture said: "Farmers have so far planted 1,600 acres of green gram against the target of 2,000 acres this cold season. Our department helped local farmers with agricultural techniques and pests."

This year, Katha Township planted 395 acres of green gram, Indaw Township 400 acres, Htigyaing Township 511 acres and Bamauk Township 294 acres, totalling 1,600.

In 2024-2025 cold season, Katha Township earmarked cultivation of green gram on 530 acres of croplands, Indaw Township 435 acres, Htigyaing Township 525 acres and Bamauk Township 510 acres, totalling 2,000.

This year, relevant township Departments of Agriculture raised farmer awareness of growing green gram with agricultural techniques and prevention of pests in addition to broadcasting of fertilizers to boost per-acre yield of crops. **SMK**

# More than 4,000 acres of vegetables planted in Kyaukmyaung

KYAUKMYAUNG February 2

According to the statistics of Kyaukmyaung Township Agriculture Department in Shwebo District of Sagaing Region, local farmers have planted 4,142 acres of vegetables in the township as cold season crops.

In 2024-2025 cold season, local authorities earmarked cultivation of 4,418 acres of vegetables but local farmers have so far planted 4,142 acres of crops against the target.

Daw Khin Win, Head of Kyaukmyaung Township Agriculture Department said: "Local farmers have so far grown 4,142 acres of vegetables against the target of 4,418 acres in the town as cold season crops. They emphasize cultivation of mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. We urged local farmers to use GAP system in cultivation of crops so as to produce healthy crops with least chemical residue."

The Township Agriculture Department raises farmer awareness for enhancement of their capacity in growing vegetable crops and producing healthy crops for consumption.

Local farmers earn increased incomes for families in growing vegetables. Officials of the Township Agriculture Department shares knowledge about systematic growing of crops with agricultural techniques, prevention of pests, use of fertilizers and pesticides.

**SK**

# Shwebo District completes harvesting of more than 1,000 acres of sunflower

SHWEBO February 2

Local farmers are reaping 1,074 acres of sunflowers in Shwebo District of Sagaing Region, according to the statistics of Shwebo District Agriculture Department.

The district has planted 1,117 acres of sunflower in monsoon of this year. Starting from August 2024, they harvest sunflower, and so far, they have reaped 1,074 acres of sunflower, yielding 24.09 baskets per acre.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department, disclosed: "Shwebo District could plant 1,117 acres of sunflowers as monsoon crops this year. Now, farmers are harvesting these plantations. Now, they have harvested 1,074 acres of sunflower. Cultivation of sunflower aims to reduce import of palm oil abroad. Sunflower can yield larger volume of oil than groundnut and sesame."

In Shwebo District, Shwebo Township harvested 53 acres of sunflower, KhinU Township 784 acres, Wetlet Township 201 acres and Kyaukmyaung 36 acres, totalling 1,074.

Relevant Township Agriculture Departments conduct farmer awareness for enhancement of capacity of local farmers and agricultural staff to grow sunflowers in the respective townships.

This year, local authorities arranged supply of quality sunflower seeds and urea fertilizers to local farmers. **SMK**

# Putin: European elites will 'stand at the master’s heel' as Trump takes charge



MOSCOW February 2

US President Donald Trump with his character and persistence will quickly restore the order and the European elites will "stand at the master's heel" again, Russian President Vladimir Putin said on Sunday.

"I assure you, Trump with his character, his persistence will restore the order there [in Europe] very quickly. And all of them, you will see, it will happen very quickly and soon, will stand at their master's heel slightly wagging their tail," Putin told Rossiya 1 reporter Pavel Zarubin.

The Russian president also said that the European elites psychologically preferred Joe Biden as US president. Trump however has different opinion concerning various issues, including gender policy, Putin added.

"They [European elites] just don't like Trump, they were actively fighting against him, really meddling into the political life and the election process in the United States, and then got lost when Trump unexpectedly won," Putin said.

**Sputnik**

# There is no winner in trade war, tariff war: Chinese foreign ministry

BEIJING February 2

China firmly deplores and opposes the U.S. decision to impose a 10 percent additional tariff on imports from China and will take necessary countermeasures to defend its legitimate rights and interests, a Chinese foreign ministry spokesperson said on Sunday.

"China's position is firm and consistent. There is no winner in trade and tariff wars," the spokesperson stressed, adding that the U.S. unilateral tariff hikes severely violate WTO rules. This move cannot solve the U.S. problems at home and more importantly, does not benefit either side, still less the world.

According to the spokesperson, China is one of the world's toughest countries on counternarcotics both in terms of policy and its implementation. Fentanyl is an issue for the United States. In the spirit of humanity and goodwill, China has given support to the United States in its response to this issue.

At the request of the U.S. side, China announced back in 2019 the decision to officially schedule fentanyl-related substances as a class. China is the first country in the world to do so, the spokesperson said, adding that China has engaged in extensive counternarcotics cooperation with the U.S. side. "The achievements we have made are there for all to see."

The United States needs to view and solve its own fentanyl issue in an objective and rational way instead of threatening other countries with arbitrary tariff hikes. Additional tariffs are not constructive and bound to affect and harm the counternarcotics cooperation between the two sides in the future, the spokesperson said.

"China calls on the United States to correct its wrongdoings, maintain the hard-won positive dynamics in the counternarcotics cooperation, and promote a steady, sound and sustainable development of China-U.S. relationship," the spokesperson said.

**Xinhua**

# Chinese automaker Chery launches new hybrid car in Israel

JERUSALEM February 2

Chinese carmaker Chery began selling a new plug-in hybrid electric vehicle (PHEV) in Israel on Sunday, its official Israeli dealership Freesbe announced in a statement.

The model, the Chery Tiggo 8 Pro PHEV, is a hybrid version of the gasoline-powered 7-seat Tiggo 8 Pro crossover, which Chery has been offering in Israel since its market debut in November 2022.

The hybrid version is equipped with a 1.5-liter turbo gasoline engine, two electric engines, and an 18-kWh battery, offering an electric range of up to 90 km.

Chery also offers the gasoline-powered crossover models Tiggo 7 Pro and FX (Omoda 5), and the plug-in hybrid midsize sedan Arrizo 8 in Israel.

According to data from the Israel Vehicle Importers Association, Chery ranked seventh in Israel's sales chart in 2024, selling 12,945 units.

Chery's FX EV was the second-best-selling electric model in Israel last year, following the Chinese BYD Atto 3.

**Xinhua**

# Mexican president confirms death of 6 Mexicans in plane crash in Philadelphia

MEXICO CITY February 2

Mexican President Claudia Sheinbaum confirmed Saturday the death of six Mexicans aboard a plane that crashed Friday evening in northeastern Philadelphia, the United States.

The Mexican president lamented the death of her compatriots and announced that the consular authorities are "in permanent contact with the family members."

"I have asked the Secretariat of Foreign Affairs to support everything required. My solidarity with the loved ones and friends," she said on the social media platform X.

Jet Rescue Air Ambulance, the company operating the plane, confirmed that the aircraft was carrying four crew members, a pediatric patient who had just finished treatment in Philadelphia, and the patient's escort.

The crash came just two days after a deadly collision between an American Airlines jet and a U.S. Army Black Hawk helicopter over Washington, D.C., which claimed 67 lives.

**Xinhua**

# Trump hits Canada, Mexico with 25 percent tariffs, China faces 10 percent

WASHINGTON February 2

US President Donald Trump has signed an executive order imposing tariffs on goods from Canada, Mexico and China, CNN reported.

US tariffs on goods from Mexico and Canada are set at 25 percent, and on goods from China at 10 percent.

The executive order includes an option to increase them if any country imposes retaliatory measures against Washington, the broadcaster noted.

US import tariffs of 25 precent are being introduced on all goods from Canada, except for energy, on which the rate will be 10 percent, the White House said.

It also confirmed the introduction of a duty of 25 percent on goods from Mexico and 10 percent on goods from China.

According to a separate executive order from the American leader, the tariffs will apply to goods from Canada that arrive for consumption and use beginning at 12:01 a.m. Eastern Time (05:01 GMT) on February 4. If the goods were loaded onto a vessel at a port or were in transit on a final mode of transport before entering the United States before 12:01 a.m. Eastern Time on February 1, they will not be subject to the additional tariff.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Researchers reveal common anxiety drug that lowers risk of stroke... and the ones that make you susceptible

Common drugs taken by up to 10million Americans for anxiety and high blood pressure may lower the risk of stroke in some at-risk people, a study suggests.

Propranolol, a type of drug known as a 'beta blocker' which dampens the effects of adrenaline, reduced the risk of stroke by up to 50 percent in women with chronic migraines.

Researchers from Vanderbilt University combed through more than 3million medical records and found while the drug made a notable difference for women, there was no effect in men with migraines.

Scientists believe migraines lead to spasms in the brain's arteries and, over time, these block blood flow to the brain, increasing the risk of blood clots and strokes.

It's thought propranolol prevents blood vessels from dilating and causing spasms.

The findings, therefore, suggest using propranolol, which costs less than a dollar per pill, to treat migraine in women may lower their risk of stroke.

Stroke is one of America's leading causes of death, striking 800,000 Americans each year, or one every 40 seconds. About 160,000 people die from a stroke every year.

Dr Mulubrhan Mogos, lead study author and assistant professor at Vanderbilt University School of Nursing, said: 'Migraine is an often-ignored risk factor for cardiovascular issues. Until recently, preventive treatments for people who have migraines were not available.'

Dr Mogos continued: 'Many women suffer from migraines, and it's important to note that propranolol may be beneficial for these women... This is an important discovery for those dealing with migraines.'

About 28million adult women in the US - one in six - are thought to deal with regular migraines.

Propranolol is a beta blocker, a type of drug typically prescribed to treat high blood pressure and irregular heart rhythms.

It has also been shown to stop the effects of anxiety, such as shaky hands and a wobbly voice, which is why doctors also prescribe it for performance anxiety.

It works by relaxing blood vessels and slowing heart rate, which improves blood flow and lowers blood pressure.






This allows blood to flow to the brain more easily, preventing clots and strokes.

In the new study, which will be presented at the upcoming International Stroke Conference next week, researchers reviewed 3million electronic health records spanning 15 years from two large databases.

The study included men and women with migraine who were divided into two groups: those who had suffered a stroke after their first migraine and those who did not have a stroke.

The team then looked at if the patients were treated with propranolol for migraine.

The team found propranolol lowered the risk of ischemic stroke in women with migraine by 52 percent in one analysis and 39 percent in the other.

However, the medication made no difference for men.

There are multiple types of stroke, but the most common is ischemic stroke, which occurs when a blood clot blocks an artery in the brain, cutting off blood supply and depriving brain cells of oxygen, causing them to die.

The team said it's possible no effect was seen in men because migraine has been more closely associated with stroke in women than men, though the exact mechanism for the difference is unclear.

Women are between two to four times more likely than men to have migraine. One 2023 study found 43 percent of women and 18 percent of men have had at least one.

The researchers said propranolol's low cost - around US$-10 to US$-20 for a month's supply - could provide a more accessible solution for treating migraines and, in the long term, stroke.

Dr Mogos said: 'Our findings indicate that women and health care professionals should discuss the advantages of preventive migraine interventions.

'For under-resourced individuals who bear a greater burden from this condition and may lack access to new treatments, we must ensure these treatments are available to them. This approach can help reduce health disparities.'

The study findings could be significant given the number of people, especially young people, having strokes has surged in the last several years.

There has been about an eight percent increase overall in strokes, with a 15 percent increase in people 18 to 44 years old.

While propranolol may prevent strokes, additional research suggests other common medications like blood thinners, anti-psychotics, and opioids could increase the risk of stroke.

Anti-psychotic medications like clozapine and haloperidol, taken by 3.8million adults in the US, have been shown to cause weight gain, which in turn can raise blood pressure and lead to the narrowing of arteries, increasing stroke risk.

Additionally, blood thinners like warfarin - taken by 8million Americans - reduce the blood's ability to clot. However, blood being too thin can lead to hemorrhages in the brain, another form of stroke.

**Mail Online**

## Business and Environmental Conservation

နိုင်ငံထူး

# တရုတ်ကုန်ပစ္စည်းများအပေါ် အပိုဆောင်းအခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမှုအား တရုတ်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တိုင်ကြားမည်

တရုတ်နိုင်ငံကတင်ပို့သည့် ကုန်ပစ္စည်းများအပေါ် အပိုဆောင်းအခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမည့် အမေရိကန်၏ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံကကန့်ကွက်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂ ရက်တွင် တုံ့ပြန်လိုက်သည်။

ထို့ပြင် အမေရိကန်၏အဆိုပါလုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့တိုင်ကြားမည်ဖြစ်ပြီး နိုင်ငံ၏အကျိုးစီးပွားနှင့် အခွင့်အလမ်းများကို ကာကွယ်ရန်အတွက် တန်ပြန်ဆောင်ရွက်မှုများကို လုပ်ဆောင်ရန်စီစဉ်ထားသည်။

အမေရိကန်အစိုးရက တစ်ဖက်သတ်လုပ်ဆောင်သည့် အခွန်တိုးမြှင့်ကောက်ခံမှုသည် WTO ၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်ပြီး ယင်းသို့ လုပ်ဆောင်ခြင်းသည် အမေရိကန်၏ ကိုယ်ပိုင်ပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်သလို တရုတ်နှင့် အမေရိကန်တို့ကြား ပုံမှန်လုပ်ဆောင်နေသည့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရပ်ဆိုင်းစေမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။



အမေရိကန်အစိုးရအနေဖြင့် အခြားနိုင်ငံများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်းထက် အကိုက်အခဲပျောက်ဆေးတစ်မျိုးဖြစ်သည့် fentanyl ဆေးဝါးတင်ပို့မှုနှင့် အခြားကိစ္စရပ်များအား ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ဖြေရှင်းရန် တရုတ်အစိုးရကတိုက်တွန်းထားသည်။ တရုတ်နိုင်ငံသည် fentanyl ဆေးဝါးကို ကနေဒါနှင့် အခြားနိုင်ငံများမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့တင်ပို့လျက်ရှိသည်ဟု ထရမ့်က စွပ်စွဲထားသည်။

အမေရိကန်က တရုတ်နိုင်ငံအပေါ် ချမှတ်လိုက်သည့် အခွန်တိုးမြှင့်ကောက်ခံမှုသည် အမေရိကန်ပြည်ထောင်စုရှိ စားသုံးသူများ၊ ကုန်ထုတ်လုပ်သူများနှင့် သွင်းကုန်တင်သွင်းသူများအပေါ်သို့လည်း သက်ရောက်စေမည်ဖြစ်ပြီး ကုန်သွယ်ရေးဆိုင်ရာသဘောထားကွဲလွဲမှုတွင် မည်သည့်နိုင်ငံကမျှ အနိုင်ရရှိမည်မဟုတ်ကြောင်း တရုတ်ပြည်သူ့တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးအင်စတီကျူမှ ညွှန်ကြားရေးမှူး ဝမ်ယိဝေကသတိပေးထားသည်။

အမေရိကန်အစိုးရက ကနေဒါနှင့်မက္ကဆီကိုနိုင်ငံတို့မှတင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း၊ တရုတ်ထုတ်ကုန်များအပေါ် အခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမည့် အမိန့်ကြေညာချက်တစ်စောင်ကို သမ္မတထရမ့်က ဖေဖော်ဝါရီလ ၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ **Ref: Sputnik, Xinhua**

# နိုင်ငံအတွင်းရှိ မိသားစုများ၏စုဆောင်းငွေကို တိုးမြှင့်နိုင်ရန်အတွက် အိန္ဒိယက ဝင်ငွေခွန်ကောက်ခံမှုကိုလျှော့ချ

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်းရှိ မိသားစုများ၏စုဆောင်းငွေကို တိုးမြှင့်နိုင်ရန်နှင့် ကုန်ပစ္စည်းဝယ်ယူသုံးစွဲမှုကို အထောက်အပံ့ပေးနိုင်ရန်အတွက် ဝင်ငွေခွန်ကောက်ခံမှုကို လျှော့ချလိုက်သည်။

နိုင်ငံ့စီးပွားရေးတိုးတက်မှုအားကောင်းလာစေရန်နှင့် အခွန်ထမ်းပြည်သူများ၏ ဝင်ငွေခွန်လျှော့ချမည့်အစီအစဉ်ကို လွှတ်တော်သို့တင်သွင်းမည့် ၂၀၂၆ ခုနှစ် အသုံးစရိတ်တွင် ထည့်သွင်းမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နီယာမာလာဆီသာရာမန်က ဖေဖော်ဝါရီလ ၁ ရက်တွင် ပြောကြားသည်။

အစိုးရ၏ ဝင်ငွေခွန်လျှော့ချရေးအစီအစဉ်အရ တစ်နှစ်လျှင် ရူပီး ၁ ဒသမ ၂ သန်းနှင့်အထက် ဝင်ငွေရရှိသူပြည်သူများအနေဖြင့် ဝင်ငွေခွန်ပေးဆောင်ရန်လိုအပ်မည်မဟုတ်ပေ။ ထို့ကြောင့်အစိုးရကဖော်ဆောင်မည့် အဆိုပါအစီအစဉ်သည် နိုင်ငံအတွင်းရှိ လူလတ်တန်းစားများ၏ အခွန်ပေးဆောင်မှုကိုလျှော့ချမည်ဖြစ်ရာ ၎င်းတို့အနေဖြင့် စုဆောင်းရန်နှင့်ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် အပိုငွေများရရှိလာနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံရှိပြည်သူများ၏ စုဆောင်းငွေပမာဏသည် ၂၀၂၃ ခုနှစ်တွင် ၅ နှစ်အတွင်းအနိမ့်ဆုံးအဆင့်သို့ကျဆင်းခဲ့ပြီး ပြည်သူများ၏ ငွေကြေးသုံးစွဲနိုင်မှု လျော့ကျခြင်းသည် နိုင်ငံ့စီးပွားရေး တိုးတက်စေရေးလုပ်ဆောင်ရာတွင်အဟန့်အတားဖြစ်စေခဲ့သည်။

၂၀၂၅ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုပမာဏသည် ၆ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာ ယင်းပမာဏသည် လေးနှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

အစိုးရအနေဖြင့် လာမည့်ဘဏ္ဍာနှစ်တွင် သားရေနှင့် အထည်အလိပ်ထုတ်လုပ်ရေးကဲ့သို့သော လုပ်သားအများအပြားကို အသုံးပြုရသည့်လုပ်ငန်းများ တိုးတက်လာစေရန်အတွက် အလုပ်အကိုင်ဖန်တီးပေးခြင်းကိုလည်း ဦးစားပေးအစီအစဉ်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။ **Ref: ST**

# လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဖုန်မှုန့်များကို ကာကွယ်ပေးနိုင်သည့် ဖုန်ကာစားသောက်ဆိုင်အရေအတွက်ကို ထိုင်းတိုးမြှင့်မည်



လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် ထိုင်းအစိုးရအနေဖြင့် တစ်နိုင်ငံလုံးတွင် ဖုန်မှုန့်များကို ကာကွယ်ပေးနိုင်သည့် ဖုန်ကာစားသောက်ဆိုင်အရေအတွက်ကို သုံးလအတွင်း ၂၀၀၀၀ အထိ တိုးမြှင့်မည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက ဖေဖော်ဝါရီလ ၂ ရက်တွင် ပြောသည်။

လက်ရှိတွင် ထိုင်းနိုင်ငံအတွင်း၌ ဖုန်ကာစားသောက်ဆိုင်အရေအတွက်မှာ ပြည်နယ်ကိုးခုအတွင်း ၂၃၄ ဆိုင်သာရှိနေသေးသောကြောင့် ပြည်သူများ၏ ကျန်းမာရေးအတွက် အဆိုပါစားသောက်ဆိုင်အရေအတွက်ကို တိုးမြှင့်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတီဆာဝေသန်းက ပြောသည်။

ကနဦးအစီအစဉ်အဖြစ် အစိုးရက ဘန်ကောက်မြို့နှင့် အနီးအနားရှိ ပြည်နယ်များမှ စားသောက်ဆိုင်များအား စားသုံးသူဖောက်သည်များအတွက်ဖုန်ကာစားသောက်ဆိုင်ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနိုင်မည့် နည်းလမ်းများကို သင်ကြားပေးမည်ဖြစ်သည်။ ယင်းနောက်တွင် ဖူးခက်၊ ချင်းမိုင်ကဲ့သို့သော မြို့များတွင်လည်း လေ့ကျင့်သင်ကြားမှုများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

အစိုးရ၏ယခုအစီအစဉ်သည် နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြားတွင် လေထုညစ်ညမ်းမှုများဖြစ်ပွားပြီးနောက် အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများတွင် ဖုန်ကာအဆောက်အအုံများ တည်ဆောက်မည့်အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ထို့ပြင် ထိုင်းအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ မူကြိုကျောင်းများနှင့် စာသင်ကျောင်းများတွင်လည်း ဖုန်ကာကွယ်ပေးနိုင်သည့် အဆောက်အအုံများအသုံးပြုကြရန် တိုက်တွန်းထားသည်။ **Ref: ST**

# ဒုံးကျည်များသိုလှောင်ရာ မြေအောက်စစ်အခြေစိုက်စခန်းသစ်တစ်ခုကို အီရန်ထုတ်ဖော်ပြသ



**တီဟီရန်၊ စစ်ရေး**

အီရန်နိုင်ငံသည် နိုင်ငံတောင်ပိုင်းရှိ မြေအောက်စစ်အခြေစိုက်စခန်းသစ်တစ်ခုကို ထုတ်ဖော်ပြသလိုက်ကြောင်းသိရသည်။

"ဒုံးကျည်မြို့တော်"ဟုအမည်ပေးထားသည့် အဆိုပါမြေအောက်အခြေစိုက်စခန်းတွင် ဒုံးပစ်စင်အများအပြားကို သိုလှောင်ထားပြီး ယင်းအခြေစိုက်စခန်းအား အီရန်တပ်မတော်က ဖေဖော်ဝါရီလ ၁ ရက်တွင် ထုတ်လွှင့်ခဲ့သည့် ဗီဒီယိုပြကွက်တစ်ခု၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါမြေအောက်စစ်အခြေစိုက်စခန်း၌ Qadr အမျိုးအစားခရူဒုံးကျည်အစင်းပေါင်း ၃၈၀ ခန့်ကို သိုလှောင်ထားပြီး ၎င်းဒုံးကျည်များအား ၅ မိနစ်အတွင်း ပစ်လွှတ်နိုင်ကြောင်း အီရန်ရေတပ်အကြီးအကဲ ဗိုလ်ချုပ် အလီရီဇာတန်ဆီရီက ပြောကြားထားသည်။

အဆိုပါဒုံးကျည်များသည် အကွာအဝေးကီလိုမီတာ ၁၀၀၀ ကျော်အထိ ပစ်ခတ်ရောက်ရှိနိုင်ပြီး ယင်းဒုံးကျည်များ၌ အီလက်ထရွန်နစ်စစ်ပွဲဆင်နွှဲနိုင်သည့် စနစ်များကို တပ်ဆင်ထားကြောင်း IRNA သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ **Ref: RT**

# ထရမ့်၏မူဝါဒကို ဥရောပခေါင်းဆောင်များက ဆက်လက်လိုက်နာရဖွယ်ရှိဟု ပူတင်ပြော

**မော်စကို၊ နိုင်ငံရေး**

ဥရောပရှိ ထိပ်တန်းခေါင်းဆောင်များအနေဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ မူဝါဒကို ဆက်လက်လိုက်နာရဖွယ်ရှိကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ဖေဖော်ဝါရီလ ၂ရက်တွင် ပြောသည်။

ထရမ့်၏ဝိသေသလက္ခဏာ၊ မဆုတ်မနစ်ကြိုးပမ်းပြောဆိုမှုတို့ကြောင့် ဥရောပတွင် အစီအစဉ်ကျမှုကို အလျင်အမြန်ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ပူတင်က သတင်းထောက်တစ်ဦးဖြစ်သူ ပါဗယ်ဇာရူဘင်နှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုၡ ပြောခြင်းဖြစ်သည်။



ထို့ပြင် လက်ရှိ ဥရောပခေါင်းဆောင်များသည် ယခင်ခေါင်းဆောင်ဟောင်းများနှင့်နှိုင်းယှဉ်ပါက ၎င်းတို့၏ကိုယ်ပိုင်အတွေးအခေါ်အတွက် တိုက်ခိုက်ရန်ရဲရင့်မှုမရှိကြောင်း၊ ထို့ပြင် ဥရောပခေါင်းဆောင်များသည် ၎င်းတို့၏ဘဝတွင် ယခင်က လုပ်ဆောင်ခဲ့ဖူးခြင်းမရှိသော ဆောင်ရွက်ချက်များတွင် ပါဝင်လျက်ရှိကြောင်း ပူတင်ကဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတအဖြစ် ထရမ့်ပြန်လည်တက်ရောက်လာမည်ကို ဥရောပခေါင်းဆောင်အများအပြားက စိုးရိမ်မကင်းဖြစ်ခဲ့ရသည်ဟု ပြီးခဲ့သည့်နှစ် မဲဆွယ်ပွဲကာလတစ်လျှောက်လုံး၌ ပြောကြားခဲ့ကြောင်း ပူတင်ကဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: En.iz.ru, pravda

# တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်းတွင် ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်တင်ကားတစ်စီး တိုက်မိ၊ တစ်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရ



**အစ္စတန်ဘူ၊ မတော်တဆမှု**

တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်းတွင် ခရီးသည်တင် ဘတ်စကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတိုက်မိခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိသွားကြောင်း Haber Global က ဖေဖော်ဝါရီလ ၂ရက်တွင် ဖော်ပြသည်။

အဆိုပါမတော်တဆမှုသည် နူဒါဂင်မြို့အနီးရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်အတွင်း ခရီးသည်တင်ဘတ်စကားမှာ ကုန်တင်ကား၏ ဝင်တိုက်မှုကြောင့် ဆိုးရွားစွာပျက်စီးသွားကြောင်းသိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ကားနှစ်စီးစလုံးမှာ မီးစွဲလောင်ခဲ့ပြီး ကယ်ဆယ်ရေးသမားများက မီးလောင်ကျွမ်းမှုအား တစ်နာရီကြာခန့် ငြိမ်းသတ်ခဲ့ရသည်။

ယာဉ်တိုက်မှုအတွင်း သေဆုံးသွားသူမှာ ဘတ်စကားယာဉ်မောင်းအကူဖြစ်ပြီး ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေးအဖွဲ့က ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

Ref: En.iz.ru

## နိုင်ငံတကာသတင်းတိုကဏ္ဍ

# ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပွား၊ တစ်ဦးသေဆုံး

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပွားခြင်းကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ဒေသခံအများအပြားအား ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရန် အာဏာပိုင်အဖွဲ့က တိုက်တွန်းခဲ့ရကြောင်းသိရသည်။

ကွင်းစလန်းပြည်နယ် တောင်းစဗေးမြို့မြောက်ဘက် ၁၀၀ ကီလိုမီတာအကွာရှိ အင်ဂန်ဒေသတွင် ဖေဖော်ဝါရီလ ၂ရက်က လူခြောက်ဦးကို တင်ဆောင်လာသည့် အရေးပေါ်ကယ်ဆယ်ရေးလှေတစ်စင်း နစ်မြုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ကျန်ငါးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

ထို့ပြင် တောင်းစဗေးမြို့ရှိ ဒေသခံပြည်သူ ၂၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်ခရစ်ဖူလီက တိုက်တွန်းခဲ့ကြောင်း သိရသည်။

Ref: Xinhua

# ပြင်သစ်နိုင်ငံရှိ ဘိုးဘွားပြုစုစောင့်ရှောက်ရေး ရိပ်သာတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား သုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိ

ပြင်သစ်နိုင်ငံ ဘူဖဲမွန်မြို့ရှိ ဘိုးဘွားပြုစုစောင့်ရှောက်ရေးရိပ်သာတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ သက်ကြီးရွယ်အို သုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားကြောင်း ပြင်သစ်ရုပ်သံသတင်းဌာနတစ်ခုဖြစ်သည့် BFMTV က ဖော်ပြသည်။

မီးလောင်ကျွမ်းမှုသည် ဖေဖော်ဝါရီလ ၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရိပ်သာ၏တတိယထပ်တွင် စတင်ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများမှာ မီးခိုးမွန်၍ အသက်ရှူကျပ်ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုသည် မတော်တဆဖြစ်ပွားခဲ့သည်ဟု ယူဆရသော်လည်း အကြောင်းရင်းအတိအကျကို အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

Ref: Xinhua

# ဗင်နီဇွဲလားက ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားခြောက်ဦးကို ပြန်လွှတ်ပေး

ဗင်နီဇွဲလားနိုင်ငံသည် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားခြောက်ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်းသိရသည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးကိုယ်စားလှယ် ရစ်ချက်ဂရီနယ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်နိုင်ငံသားများကို ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ပြန်လွှတ်ပေးလိုက်သည့် အမေရိကန်နိုင်ငံသားများမှာ မည်သူမည်ဝါဖြစ်သည်ကို ဗင်နီဇွဲလားအစိုးရက ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ အဆိုပါအကျဉ်းသားပြန်လွှတ်မှုသည် အမေရိကန်နှင့်ဗင်နီဇွဲလားတို့ကြား သဘောထားကွဲလွဲမှုများဖြစ်ပေါ်နေစဉ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT

# YPG နှင့် ပူးပေါင်းဆောင်ရွက်မှုကို အမေရိကန်က အဆုံးသတ်မည်ဟု မျှော်လင့်ကြောင်း တူကီယဲပြော

**အစ္စတန်ဘူ၊ စစ်ရေး**

အမေရိကန်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရသည့် ဆီးရီးယားရှိ ကာ့ဒ်တပ်ဖွဲ့ (YPG) များနှင့် ပူးပေါင်းဆောင်ရွက်မှုကို အဆုံးသတ်မည်ဟု မျှော်လင့်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က ဖေဖော်ဝါရီလ ၂ရက်တွင်ပြောသည်။

တူကီယဲတပ်မတော်သည် လက်ရှိတွင် YPG တိုက်ဖျက်ရေး စစ်ဆင်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အဆိုပါကာ့ဒ်တပ်ဖွဲ့ဝင် ၂၃ ဦးအား ချေမှုန်းနိုင်ခဲ့ကြောင်း ဟာကန်ဖီဒန်က ဆက်ပြောသည်။ YPG စစ်သွေးကြွများသည် ကာ့ဒစ်စတန်အလုပ်သမားပါတီ(PKK)၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။


YPG နှင့် PKK တို့အား တူကီယဲအစိုးရက တရားမဝင်အဖွဲ့အစည်းများအဖြစ်သတ်မှတ်ထားသော်လည်း အမေရိကန်က ၎င်းတို့အား သီးခြားအဖွဲ့အစည်းများအဖြစ် ရှုမြင်လျက်ရှိသည်။ ဆီးရီးယားမြောက်ပိုင်းရှိ YPG အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအား ရပ်တန့်ရန် ထရမ့်အစိုးရက ဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဟုမျှော်လင့်ကြောင်း ဟာကန်ဖီဒန်က ကာတာနိုင်ငံခြားရေးဝန်ကြီးနှင့် ဒိုဟာမြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် အဆိုပါအဖွဲ့အစည်းများအား ထောက်ပံ့နေခြင်းကို ရပ်တန့်ပစ်ရန် တူကီယဲနိုင်ငံက အမေရိကန်အစိုးရအား ယခင်ကတည်းကတောင်းဆိုခဲ့ကြောင်း သိရသည်။



Ref: ST

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Chenglong Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၅၆၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ နောင်ပလိန်လမ်း၊ လှာကမြင်ပန်းခြံအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်ဆိုင်ကယ်အပိုပစ္စည်း (၂၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် KIA Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၃ ဒသမ ၃၇၁)တန်၊ အခြားသစ်(၁ ဒသမ ၇၆၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၀၁၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၃၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟုမ္မလင်းမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၅၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ankai Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၂၃၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၆၃၉၀၁၅)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။**(သတင်းစဉ်)**

# လွိုင်လင်မြို့နယ်၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၂ ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်၌ ဖေဖော်ဝါရီလ ၁ ရက်က ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ အချိန်တွင် လွိုင်လင်မြို့နယ်၊ တခွတ်တန်ကျေးရွာအနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဟိုပုံးမြို့မှပင်လုံမြို့ဘက်သို့ ယာဉ်မောင်းလှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်နေ ဦးမောင်မောင်အေး (၃၉)နှစ် မောင်းနှင်ပြီး ခရီးသည် ၂၂ ဦးလိုက်ပါလာသည့် 6N/xxxx ခရီးသည်တင်ယာဉ်သည် မိုင်တိုင်အမှတ် ၂၇ မိုင် ၁ ဖာလုံအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့သဖြင့် ခရီးသည်များဖြစ်သည့် ချမ်းမိုင်ကျော်(၄၅)နှစ်၊ စိုင်းဟတ်(၂၀)နှစ်နှင့် ဒေါ်နန်းခမ်းကြည် (၆၅)နှစ်၊ နန်းဆိုင်လောင် (၃၅)နှစ်၊ အောင်ဌေးဦး (၃၄)နှစ်၊ မော်ဆိုင်းကျင်(၇၃)နှစ်၊ ကိုဇင်ကိုကို(၃၂)နှစ်၊ မောင်ညီညီနိုင်(၂၂)နှစ်၊ နေဇာအောင်(၂၅)နှစ်တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် မောင်မောင်အေးအား ပင်လုံနယ်မြေရဲစခန်း ယာဉ်(ပ)၁/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# ပျော်ဘွယ်မြို့နယ်၌ လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ဖေဖော်ဝါရီလ ၂ ရက်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၂ ရက် နံနက် ၁ နာရီ ၅ မိနစ်အချိန်တွင် ပျော်ဘွယ်မြို့နယ်၊ ထန်းတောကြီးကျေးရွာအုပ်စု၊ ကင်းမကျီးပင်တိုးချဲ့ရပ် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ဦးဇော်ဝင်းနိုင် (၄၈)နှစ်၏ ကြက်ခြံ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းတော်ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနမှမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၇ စီး၊ ရေသယ်ယာဉ် ၂ စီး၊ အုပ်ချုပ်မှုယာဉ် ၅ စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ် ၅၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်အား စိစစ်ရာ အဆိုပါကြက်ခြံသို့ သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ကြက်မွေးမြူရေးခြံ ၂ လုံး၊ ကြက်ပေါက် ၆၀၀၀ ကောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဇော်ဝင်းနိုင်အား ပျော်ဘွယ်မြို့မရဲစခန်း(ပ)၂၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

## ထူးခြားသည့် ညအပူချိန်များ

၂-၂-၂၀၂၅

| | | | |
|---|---|---|---|
| နမ့်စန် | ၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | တီးတိန် | ၄ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | ပြင်ဦးလွင် | ၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |
| | | လွိုင်လင် | ၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |

# ညောင်ဦးမြို့၌ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးအသိပညာပေး

ညောင်ဦး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ပွင့်လင်းရာသီကာလမီးလောင်မှု/ မီးလန့်မှုများမဖြစ်ပေါ်စေရန်နှင့် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ မီးဘေးလုံခြုံရေး အကြံပြုစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ညောင်ဦးမြို့ အမှတ်(၁) သီရိမင်္ဂလာရပ်ကွက်သို့သွားရောက်ပြီး လူနေအိမ်များ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းအကြံပြုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူဦးဆောင်၍ ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့လိုက်ပါ၍ ညောင်ဦးမြို့ အမှတ်(၁) သီရိမင်္ဂလာရပ်ကွက်သို့သွားရောက်ပြီး ရပ်ကွက်နေပြည်သူများကိုတွေ့ဆုံကာ ပွင့်လင်းရာသီကာလရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု/ မီးလန့်မှုများမဖြစ်ပွားစေရေး မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ကြရန်၊ လျှပ်စစ်မီးများအသုံးပြုရာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန် စနစ်တကျကိုင်တွယ်အသုံးပြုကြရန်၊ ထင်း/မီးသွေးမီးဖိုများဖြင့် ထမင်း/ဟင်းများ ချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များကို သေချာစွာငြိမ်းသတ်ထားရှိရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် ရေရရှိရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် မီးငြိမ်းသတ်ယာဉ်များ လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်ရန် ရပ်ကွက်တွင်းလမ်းများ ပြုပြင်ဆောင်ရွက်ထားရှိရေးတို့ကို ဆွေးနွေးပြောကြားပြီး နေအိမ်များတွင် မီးဘေးလုံခြုံစိတ်ချရမှုရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ညောင်ဦးမြို့ အမှတ်(၁) သီရိမင်္ဂလာရပ်ကွက်သည် အိမ်ခြေ ၁၂၀ အိမ်၊ အိမ်ထောင်စု ၁၂၆ စု၊ လူဦးရေ ၅၁၆ ဦး နေထိုင်လျက်ရှိပြီး လူနေအိမ်များထူထပ်ခြင်း၊ မီးလောင်လွယ်သောအဆောက်အအုံအမျိုးအစားများပြားခြင်း၊ မီးသတ်ယာဉ်အဝင်/အထွက်လမ်းများ ကျဉ်းမြောင်းခြင်းနှင့် အချို့သောလမ်းများမှာ မီးသတ်ယာဉ်များ သွားလာလို့မရခြင်းစသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရမှုများရှိသဖြင့် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ယခုကဲ့သို့ တစ်အိမ်တက်ဆင်းသွားရောက်ပြီး စစ်ဆေးအကြံပြုခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဝန်ထမ်းအိမ်ရာ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရေတာရှည် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဝန်ထမ်းအိမ်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဆောင်၍ မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဘိုးတော်ကုန်းဝန်ထမ်းအိမ်ရာ၌ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးကောင်းထက်နိုင်က မီးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ မီးသတ်ဦးစီးအရာရှိနှင့်တပ်ဖွဲ့ဝင်များက မီးသုံးစွဲမှုအခြေအနေနှင့် မီးစနစ်တကျသုံးစွဲမှု ရှိ/မရှိကို လိုက်လံစစ်ဆေးပြီး မီးဘေးအန္တရာယ်နှင့် ပတ်သက်သည်များ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ မီးလောင်မှုဖြစ်ပေါ်လာလျှင် မီးငြိမ်းသတ်ယာဉ်တို့ဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်း၊ မီးဘေးကြောင့် ထိခိုက်မိသူများအား အရေးပေါ်ကုသမှုပြုလုပ်ခြင်း၊ အရေးပေါ်ယာဉ်ဖြင့်စနစ်တကျသယ်ယူခြင်းတို့ကို သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း အသိပညာများကိုရရှိခဲ့ပြီးမီးဘေးအန္တရာယ်ဆိုင်ရာသရုပ်ပြမှုများကို စိတ်ဝင်တစားကြည့်ရှုအားပေးခဲ့ကြကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကိုဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ် Campaign ပြုလုပ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့မဈေးမီးပွိုင့်လမ်းဆုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ် Campaign ပြုလုပ်ခြင်းကို ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ အမှတ် (၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ ဒုတိယရဲမှူး ကျော်စိုးလွင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းဆောင်ရွက်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ ကိုက်ညီသော ဆိုင်ကယ်စီးနင်းလာသူများအား ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေပေးကြသည်။



အဆိုပါ Campaign တွင် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဆိုင်ကယ်စီးဦးထုပ်အလုံး ၅၀၀ ဖြန့်ဝေပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရုပ်စုံကာတွန်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်း၏ အကျိုးဆက်များ၊ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားစေနိုင်သည့် အခြေအနေများနှင့် ယာဉ်ကြောများပြပုံ စသည့်အသိပညာပေးနံရံကပ်ပြဘုတ်များအား ပြည်သူများ သိရှိစေနိုင်ရန် ပြသပေးကြောင်းသိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# မြို့နယ်အဆင့်စီမံကိန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**မြင်းခြံ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး ပိုမိုထိရောက်အောင်မြင်စေရန်ရည်ရွယ်၍ သက်ဆိုင်သူအားလုံးပါဝင်သော မြို့နယ်အဆင့် စီမံကိန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောလွင်က အဖွင့်အမှာစကားပြောကြားသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်က မြင်းခြံမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းများ၏ လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ချေးထားမှု၊ အရင်း /အတိုးပြန်လည်ပေးဆပ်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာယူနစ် ၄၀ ယူနစ်၊ ကျေးရွာ ၄၅ ရွာနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ရှစ်ယူနစ်၊ ကျေးရွာရှစ်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၂ ရက်တွင် သစ်ခေါက်ခွ ခေတ်မီစံပြကျေးရွာ၌ကျင်းပသည်။

ရေးဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲနိုင်ထင်းက မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်းသိရသည်။

**မောင်ခိုင်**

**ပေါင်းစည်းချစ်ကြည်**

**လက်တွဲညီ**

**ပြည်ထောင်စုရဲ့**

**ပန်းတိုင်ဆီ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



မုံရွာ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိပရိယတ္တိ စာသင်တိုက်ကြီးလေးတိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင်ကျောင်း ကိုးကျောင်းမှ သီလရှင်ဆရာကြီး/ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်း လှူပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းကျင်းပရာ ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ သို့တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊အမှုထမ်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ သို့ လာရောက်လောင်းလှူကြသည့် တိုင်း ဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရာထမ်း၊အမှုထမ်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများ၊ မိသားစုဝင် များမှ ဆွမ်း၊ဆွမ်းဟင်းနှင့်ဆွမ်းဆန်စိမ်း များလောင်းလှူရန် ပြင်ဆင်နေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသ ကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများနှင့် မိသားစုဝင်များက ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ဆွမ်းဟင်း၊ သစ်သီး၊အချိုပွဲများနှင့်ဝတ္ထုငွေများအား လောင်းလှူခြင်းနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့်ဝတ္ထုငွေများအား လောင်းလှူ ကြသည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့မှကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ဆရာတော်၊သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆွမ်းနှင့် ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှဝန်ထမ်းများနှင့်မိသားစုဝင် များမှလစဉ်လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ **ကျောဖုံးမှအဆက်**

အခြေအနေကောင်းခဲ့သည်။ ရောဝတီ အသင်း နိုင်ပွဲကြောင့် တန်းဆင်းဇုန်ထဲမှ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းတို့မှာ အခွင့်အရေး ပိုနည်းသွားခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမား အများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို အပြန်အလှန် သွင်းဂိုးများလည်း တွေ့မြင်ခဲ့ရသည်။ မိနစ် ၃၀ တွင် ကောင်းမြတ်ကျော်က Dagon Port အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော် လည်း ညီညီအောင်က ၃၂၊ ၄၃ မိနစ်တွင် နှစ်ဂိုးပြန်သွင်းကာ ပထမပိုင်းအပြီးတွင် ရောဝတီယူနိုက်တက်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်း အစတွင် တိုက်စစ်မှူး မစ်ချယ်က Dagon Port အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ သဖြင့် နှစ်ဂိုးစီသရေဖြစ်ပြီး လက်ကျန်မိနစ် များမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ၆၆ မိနစ် တွင် ချမ်းငြိမ်းက ရောဝတီအသင်းအတွက် တတိယဂိုးသွင်းယူသလို ၈၃ မိနစ်တွင် Dagon Portအသင်း ကွင်းလယ်ကစားသမား ရဲဝင်းလှိုင် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရသည်။ ရောဝတီအသင်းအတွက် အနိုင်သေချာ စေမည့် စတုတ္ထဂိုးကို ၉၀+၁ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။ ယခုပွဲ အတွက် အကောင်းဆုံးဆုကို ရောဝတီ ယူနိုက်တက်အသင်းမှ ညီညီအောင်က ရရှိ သည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ၁၅ မှတ်၊ ရောဝတီယူနိုက်တက် အသင်းက ၁၄ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၈) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ လ ၃ ရက် **(ယနေ့)** တွင်ဆက်လက်ကျင်းပ မည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက် အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**







**ပြင်ဆင်ဖတ်ရှုပါရန်**

၂-၂-၂၀၂၅ ထုတ် မြဝတီသတင်းစာ၏စာမျက်နှာ(၂၇)တွင်ပါရှိသောကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ကျွန်တော်ဦးအောင်ကြည်(ဘ)ဦးမင်းဒင် ၉/တကန(နိုင်)ဂ၆၉၈ဝ၉ သည် နေပြည်တော် ဇေယျာသီရိခရိုင် နန်းသြကျေးရွာအုပ်စု အင်ပင်ခုံကျေးရွာရှိ ကွင်းအမှတ်(၁၅၄၇) ဦးပိုင်အမှတ်(၂၀)အတွင်း ယာမြေ(၃.၆၀)ဧကအစား ယာမြေ(၅.၆၁)ဧကဟု ပြောင်းလဲပြင်ဆင် ဖတ်ရှုပေးပါရန်။

**ပျောက်ဆုံးကြောင်း**

နော်ရီတာမိုးဆွေ(ဘ)စောလိုဝါး ၃/သတက (နိုင်)၀၀၂၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MJ 277678)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

နီနီခိုင်(ဘ)ဘော်ရှိရ်အာမက် ၁၂/ဥကတ(နိုင်) ၂၂၃၃၂ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇




**ပျောက်ဆုံးကြောင်း**

သက်စိုးသူ(ဘ)ဦးမင်းမင်း ၁၄/မအပ(နိုင်) ၃၃၄၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မောင်ကိုကိုသန်းဝင်း(ဘ)ဦးသန်းဝင်း ၁၂/ ရပသ(နိုင်)၀၃၅၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မေဖြူဖြူလွင်(ဘ)ဦးရှောက်ကျွမ်း ၁၃/လရန (နိုင်)၁၀၈၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 037458)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊အင်းတကော်မြို့၊အမှတ် (၂)ဘုန်းတော်ကြီးသင်ပညာရေး မဟာဂုဏ ကာရာမ(မူလွန်)ကျောင်း၊ Grade-5 မှ အဘ ဦးသီဟ၏သမီး မကြွေရုပ်အား မမြင့်မြင့်ငွေးဟု ပြောင်းလဲခေါ်ပါရန်။ မမြင့်မြင့်ငွေး

**ပျောက်ဆုံးကြောင်း**

စုဇင်ဇင်ထွေး(ဘ)ဦးလေးနိုင် ၆/လလန(နိုင်) ၁၃၁၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MA 215332)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

**ပျောက်ဆုံးကြောင်း**

အေးစန္ဒီငွေး(ဘ)ဦးမောင်ငွေး ၁၂/အစန(နိုင်) ၁၅၀၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ အမှတ်(၂)ဘုန်းတော်ကြီးသင်ပညာရေးမဟာ ဂုဏကာရာမ(မူလွန်)ကျောင်း၊ Grade-5 မှ မောင်ဖုန်းမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးထိုက်ဖြစ်ပါကြောင်း။ ဦးစိုးထိုက်

**ပျောက်ဆုံးကြောင်း**

ခင်စန်းရီ(ဘ)ဦးသက်ရှည် ၁၄/မအပ(နိုင်) ၃၆၉၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၄၄၇၂၃

**ပျောက်ဆုံးကြောင်း**

မတိုးတိုး(ဘ)ဦးပေါက်စ ၉/လဝန(နိုင်) ၁၆၇၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 985643)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၈၆၈၅၄၅

**ပျောက်ဆုံးကြောင်း**

နဝဒေးရပ်ကွက်နေ မိုးသီရိဇော်(ဘ) ဦးငွေးလွင် ၇/ပမန(နိုင်)၂၂၂၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 572596)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

စာပေမြင့်မှ လူမျိုးတင့်မည်

**ပျောက်ဆုံးကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် မြို့၊ (၁၀)လမ်း၊ အမှတ်(၁၉၂/၁၉၃)နေ ဇော်လင်းမိုး(ဘ) ဦးသန်းရွှေ ၉/မမန (နိုင်)၀၄၆၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၄၀၇၉၉

# ဘုန်းမောက်စ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် လမ်းပတ်၏သွင်းဂိုးစံချိန်ကို ဆာလက်ချ်ကျော်ဖြတ်



လန်ဒန် ဖေဖော်ဝါရီ ၂

လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ချ်သည် ပရီးမီးယားလိဂ်ပွဲစဉ်(၂၄)အဖြစ် ကစားသည့် ဘုန်းမောက်စ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ချယ်လ်ဆီးအသင်းကစားသမားဟောင်း လမ်းပတ်၏သွင်းဂိုးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၄) အဖြစ်ကစားသည့် လီဗာပူးအသင်းက ဘုန်းမောက်စ်အသင်းကို ၂ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန်မိနစ် ၃၀ နှင့် ပွဲချိန် ၇၅ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးနိုင်ပြီးနောက် စံချိန်မှတ်တမ်းကောင်းပိုင်ဆိုင်ခဲ့သည်။

ဆာလက်ချ်သည် ဘုန်းမောက်စ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၇၈ ဂိုးအထိရှိလာခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် လမ်းပတ်ကိုကျော်ဖြတ်ပြီး အဆင့် (၆) နေရာသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဆာလက်ချ်သည် ပြီးခဲ့သည့် အစ်ဗ့စ်ချ်အသင်းနှင့် ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အာဆင်နယ်အသင်းကစားသမားဟောင်း အွန်နရီ၏စံချိန်ကို ကျော်ဖြတ်နိုင်သကဲ့သို့ ယခုအခါတွင်လည်း လမ်းပတ်၏သွင်းဂိုးစံချိန်ကိုပါ ထပ်မံကျော်ဖြတ်နိုင်ခဲ့ကာ အဆင့်(၅) နေရာ၌ရပ်တည်နေသည့် မန်စီးတီးအသင်းကစားသမားဟောင်း အဂူရို၏သွင်းဂိုးစံချိန်နှင့် ခြောက်ဂိုးသာကွာဟနေသကဲ့သို့ အဆင့်(၄)နေရာမှ မန်ယူအသင်းကစားသမားဟောင်း အင်ဒီကိုးလ်၏သွင်းဂိုးစံချိန်နှင့်လည်း ကိုးဂိုးသာကွာဟနေသည့်အတွက် မကြာမီ ၎င်းတို့နှစ်ဦး၏ သွင်းဂိုးစံချိန်များကို ကျော်ဖြတ်နိုင်ဖွယ်ရှိနေသည်။

ထို့ပြင် ဆာလက်ချ်သည် ယခုဘောလုံးရာသီပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၂၁ ဂိုးရှိလာခဲ့သည့်အတွက် ဘောလုံးရာသီငါးရာသီတွင် သွင်းဂိုး ၂၀ နှင့်အထက်သွင်းယူနိုင်ခဲ့ပြီး အလန်ရှီးယား၊ အွန်နရီ၊ ဟယ်ရီကိန်းနှင့် အဂူရိုတို့နောက်ပိုင်း သွင်းဂိုး ၂၀ နှင့်အထက်ကို ငါးရာသီနှင့်အထက် သွင်းယူနိုင်ခဲ့သည့် ငါးဦးမြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;One Football*

# ခရစ္စတယ်ပဲလေ့စ်အသင်းက ချယ်လ်ဆီးအသင်းမှ ဘန်ချီဝဲလ်ကို ခေါ်ယူရန်ကြိုးပမ်းနေ

လန်ဒန် ဖေဖော်ဝါရီ ၂

ခရစ္စတယ်ပဲလေ့စ်အသင်းက ချယ်လ်ဆီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဘန်ချီဝဲလ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ဘန်ချီဝဲလ်သည် ၂၀၂၀ ပြည့်နှစ်က လက်စတာအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ကစားသမားအစပိုင်းက အဓိက ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာပြဿနာများနှင့်ရုန်းကန်နေရသည့်အတွက် ပွဲကစားခွင့်များပါ ပျောက်ဆုံးခဲ့ရသည်။

ဘန်ချီဝဲလ်သည် ယခုဘောလုံးရာသီတွင် နည်းပြမာရက်စ်ကာလက်အောက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ တစ်ပွဲမျှပါဝင်ကစားခွင့်မရရှိဘဲ ကာရာဘောင်းဖလားပြိုင်ပွဲတွင် တစ်ပွဲတည်းသာ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းကလည်း ဘန်ချီဝဲလ်ကို အငှားစာချုပ် သို့မဟုတ် အပြီးသတ်စာချုပ်ဖြင့် အသင်းမှ ထွက်ခွာခွင့်ပြုထားသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုဘောလုံးရာသီအကုန် ဇွန်လအထိ ကနဦးအငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# စပါးအသင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် မက်သီတဲလ်ကိုခေါ်ယူရန် မအောင်မြင်သည့်အတွက် တိုမိုရီကိုကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ငြင်းပယ်ခံရ

လန်ဒန် ဖေဖော်ဝါရီ ၂

စပါးအသင်းက ယခုဘောလုံးရာသီတွင် အဓိက ကစားသမားများဒဏ်ရာရရှိမှုကြောင့် အသင်းရလဒ်ပိုင်းများ မတည်မငြိမ်ဖြစ်ခဲ့ပြီးနောက် လိုအပ်ချက်ရှိနေသည့်နေရာများအတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုများ လုပ်ဆောင်ခဲ့သော်လည်း ငြင်းပယ်ခံခဲ့ရကြောင်း သိရသည်။

စပါးအသင်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသည့် လူငယ်ကစားသမား မက်သီတဲလ်ကိုခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀ ဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း ကစားသမားကိုယ်တိုင်က စပါးအသင်းထက် မန်ယူအသင်းသို့မဟုတ် အာဆင်နယ်အသင်းသို့သာ ပြောင်းရွှေ့ကစားလိုသည့်အတွက် စပါးအသင်း၏ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အလားတူ စပါးအသင်းသည် အသင်းခံစစ်ပိုင်းတွင် အဓိက ကစားသမားများဖြစ်သည့် ရိုမဲရိုး၊ စပန့်ခ်၊ အူဒိုဂီနှင့် ဒရာဂူဆန်တို့ဒဏ်ရာရရှိနေသည့်အတွက် ခံစစ်ကစားသမားများလိုအပ်ချက်ကြောင့် အေစီမီလန်အသင်းမှ ခံစစ်ကစားသမား တိုမိုရီကို တရားဝင်ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ကစားသမားကိုယ်တိုင်က စပါးအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး အေစီမီလန်အသင်းတွင်သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် အဓိက ကစားသမားအများစု ဒဏ်ရာရရှိနေသည့်အတွက် အသင်းရလဒ်များဆိုးရွားခဲ့ပြီး တန်းဆင်းဇုန်ဖိအားများပင်ရှိနေသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသောကြောင့် စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းကိုယ်တိုင်ကလည်း ဝေဖန်မှုများသက်သာစေရန်အတွက် ကစားသမားသစ်များခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဇန်နဝါရီလအတွက် မန်ယူအသင်း၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို တောင်ပံကစားသမား အာမက်ဒီရယ်လိုရရှိ

မက်ဒရစ် ဖေဖော်ဝါရီ ၂

မန်ယူအသင်းက လစဉ်ပေးအပ်သည့်ဆုတစ်ခုဖြစ်သည့် ယခုနှစ်ဇန်နဝါရီလအတွက် အသင်း၏တစ်လတာ အကောင်းဆုံးကစားသမားဆုကို တောင်ပံကစားသမား အာမက်ဒီရယ်လိုက ရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက အသင်း၏တစ်လတာအကောင်းဆုံးကစားသမားဆုပေးအပ်ရန် တစ်လအတွင်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့် ကစားသမားများမှ ဆန်ခါတင်ကစားသမားသုံးဦးကို ရွေးချယ်ပြီးနောက် ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

မန်ယူအသင်း၏ ဇန်နဝါရီလတစ်လတာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အာမက်ဒီရယ်လိုနှင့်အတူ ခံစစ်ကစားသမား မာတီနက်ဇ်နှင့် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်တို့ပါဝင်ခဲ့ပြီး အာမက်ဒီရယ်လိုက အသင်းဖော်များကို ကျော်ဖြတ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အာမက်ဒီရယ်လိုသည် အသင်းနှင့်အတူ ဇန်နဝါရီလအတွင်းကစားသည့်ပွဲစဉ်များတွင် ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်၌ သုံးဂိုးသွင်းယူပေးနိုင်သကဲ့သို့ လီဗာပူးအသင်းနှင့်ကစားသည့်ပွဲစဉ်တွင်လည်း သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

အာမက်ဒီရယ်လိုသည် နည်းပြဟောင်း တန်ဟတ်လက်ထက်က အသင်းနှင့်အတူ ပွဲကစားခွင့်မရရှိခဲ့သော်လည်း လက်ရှိနည်းပြ အမိုရင်လက်အောက်တွင် အဓိက ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၃၄ ပွဲပါဝင်ကစားခွင့်ရရှိကာ ကိုးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*



# တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၂

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘားအံတက္ကသိုလ်နှင့်မော်လမြိုင်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ ကထိကများ၏ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁ ရက်က ကရင်ပြည်နယ် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အခြေခံပညာကျောင်းသား၊ ကျောင်းသူလူငယ်များ အဆင့်မြင့်ပညာ၊ သက်မွေးပညာရပ်များ တစ်ဆင့်မြင့်တက်ရောက်သင်ကြားနိုင်ရေး ကြိုးစားအားထုတ်ရမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သိကောင်းစရာများကို တက္ကသိုလ်များမှ လာရောက်ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ မိမိတို့တပည့်များအတွက် အချိန်ပေးပြီး ဆွေးနွေးပွဲသို့ လာရောက်ပေးကြသည့် ပြည်နယ်အတွင်းရှိ ဆရာ၊ ဆရာမများ အနေဖြင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုးစားသင်ကြားပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အောင်ချက်မြင့်မားရေးဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲအတွက် ငွေကျပ် ၉၀၈၇၅၀၀ ကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးနှင့် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်တို့က ဆွေးနွေးပွဲအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာသိကောင်းစရာဆွေးနွေးပွဲအစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ကရင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁ ရက်တွင် တက္ကသိုလ်ဝင်တန်း ဘာသာရပ်ကိုးခုအတွက် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများက အခြေခံပညာကျောင်းများမှ Grade-12 သင် ဆရာ၊ ဆရာမ ၈၁၀ ဦးတို့အားလည်းကောင်း၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ဘားအံတက္ကသိုလ်မှ ပါမောက္ခ၊ ကထိကများက ဘာသာရပ်ကိုးခုအတွက် ကျောင်းသား၊ ကျောင်းသူ ၁၆၅၆ ဦးတို့အားလည်းကောင်း ဆွေးနွေးပို့ချပေးကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုတံခွန်စိုက်ဖလား မြန်မာ့ရိုးရာနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် မှကြီးမှူးပြီး မြန်မာ့ရိုးရာ မြင်းစီးအားကစားကော်မတီ၏ပံ့ပိုးမှုဖြင့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုတံခွန်စိုက်ဖလား မြန်မာ့ရိုးရာနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ မြင်းစီးအားကစားကွင်း၌ ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



"ပြည်ထောင်စုတံခွန်စိုက်ဖလား မြန်မာ့ရိုးရာနှင့် နိုင်ငံတကာ မြင်းစီးအားကစားပြိုင်ပွဲကို ဒဂုံ(မြောက်ပိုင်း)မြို့နယ်မှာရှိတဲ့ မြင်းစီးအားကစားကွင်းမှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီက မြင်းစီးအားကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ" ဟု မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဌေးကျော်ကပြောသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးလေးခုမှ မြင်းစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၉ ရက်မှစ၍ ပါဝင်ယှဉ်ပြိုင်မည့်မြင်းများကို ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီလ ၉ ရက်မှာ မြင်းတွေ ဒေါက်တိုင်းတာ၊ ဆရာဝန်တွေက စစ်ဆေးတာတွေ ပြုလုပ်မှာဖြစ်ပါတယ်။ ၁၂ ရက်ကနေ ၁၆ ရက်အထိ ပြိုင်ပွဲတွေ ကျင်းပပေးမယ့်အပြင် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲတွေကိုပါ ထည့်သွင်းကျင်းပပေးမှာပါ။ ဗိုလ်လုပွဲ၊ ဆုပေးပွဲနဲ့ ပိတ်ပွဲ အခမ်းအနားတွေကို ဖေဖော်ဝါရီလ ၁၆ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်" ဟု ဦးဌေးကျော်ကပြောသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့ရိုးရာမြင်းစီးအားကစားအနေဖြင့် ဒုန်းအကြီးတန်း (၅ ပေမှ ၅ ပေ ၂ လက်မအတွင်း)၊ ဒုန်းအလတ်တန်း(၄ ပေ ၁၀ လက်မမှ ၅ ပေ အတွင်း)၊ ဒုန်းအငယ်တန်း(၄ ပေ ၈ လက်မမှ ၄ ပေ ၁၀ လက်မအတွင်း)၊ ဒုန်း Pony တန်း(၄ ပေ ၈ လက်မအောက်)၊ အသက်၊ ဒေါက်တန်းသတ်မှတ်မထားသော မြန်မာ့ရိုးရာအသားကျတန်း၊ ရိုးရာခားရေးပြိုင်ပွဲနှင့် ရိုးရာစက်ထိုးစီးနင်းပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာမြင်းစီးအားကစားအနေဖြင့် အသက် ၁၄ နှစ်အောက် Children တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၄ နှစ်နှင့် ၁၈ နှစ်အတွင်း Junior တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၆ နှစ်နှင့် ၂၁ နှစ်အတွင်း Youth တန်းခုန်ပြိုင်ပွဲ၊ အသက် ၂၁ နှစ်အထက် Senior တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၆ နှစ်အထက် အလွတ်တန်းပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ခန့်ခန့်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေများ တတိယအကြိမ်ထုတ်ချေးပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘောလည်ကျေးရွာရှိ တောင်သူများ လိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်များ၊ မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရေး အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေများကို တတိယအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၁ ရက်က ထုတ်ချေးပေးသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခေတ္တဦးစီးမှူး ဒေါ်ချိုချိုအေးက ရန်ပုံငွေများထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိဒေါ်စန်းစန်းမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဘောလည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘောလည်ကျေးရွာရှိ နေကြာအပါအဝင် တခြားဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၄ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၁၀၆ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**

# ထမ္မနိုင်-ကျွဲလူးအိုင်ကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ထမ္မနိုင်-ကျွဲလူးအိုင်ကျေးရွာချင်းဆက်တံတား ပေ ၆၀ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီလ ၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ထမ္မနိုင်-ကျွဲလူးအိုင်ကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးအေးခိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါကျေးရွာချင်းဆက် တံတား ပေ ၆၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းကြောင့် ထမ္မနိုင်ကျေးရွာ၊ ကျွဲလူးအိုင်ကျေးရွာ၊ ကိုးထောင်ကျေးရွာ၊ မျက်ဆံနီကျေးရွာအပါအဝင် ကျေးရွာကိုးရွာ အိမ်ခြေ ၈၄၅ အိမ်မှ လူဦးရေ ၃၅၉၂ ဦးတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ပြီး တံတားတည်ဆောက်မှုမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com


သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခုပဲ အခမဲ့ရယူလိုက်ပါ။ Google Play

Developed by ; | In collaboration with ; DRR Working Group Myanmar | Printed by ;

၈



မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ၊
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
2+1 coffee
Black Coffee
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ **MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်မှအကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့ပြီးဖြစ် . . .**

❖ **ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ရောဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆို စာမျက်နှာ ၁၅ ကော်လံ ၁ ➤



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ ၂ ရက်မြန်မာစံတော်ချိန် နံနက် ၉ နာရီ ၄၇ မိနစ် ဝ၄ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း(ဇမ္ဗူသီရိမြို့၏အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)



## MNL အမှတ်ပေးပြိုင်ပွဲတွင် အပြန်အလှန်သွင်းဂိုးများဖြင့် ရောဝတီအသင်းအနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) စတုတ္ထနေ့ကို ဖေဖော်ဝါရီလ ၂ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းအတွက် အဖိုးတန်နိုင်ပွဲဖြစ်ခဲ့ပြီး ယခုနိုင်ပွဲကြောင့် တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် စာမျက်နှာ ၂၇ ကော်လံ ၁ ◆

**ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်မှုကို မှတ်တမ်းတင်စာရင်းပြုစုနေ**



စာ - ၁၁ သို့

